## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားကမြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ဒီမိုကရေစီပန်းတိုင်ဆီ လှမ်းကိုင်ရည်ဖို့ မဲပေးစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၇)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင်ဆရာကြီး ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)အား နိုင်ငံတော်မှချီးမြှင့်သည့်ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ကချီးမြှင့်သည့် အထူးဂုဏ်ပြုလက်ဆောင်တို့ကိုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်)

# အားကစားချစ်ကြည်ရေးသံတမန်ကောင်းများ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း (၅၄)မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့်ခဲ့ပြီး အဆင့်မီမီပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း (၃၈)မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ လက်ရွေးစင်အားကစားသမားများကို လေ့ကျင့်ရာတွင် အထောက်အကူပြုရေးအတွက် အားကစားဆေးဘက်ဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့်တားမြစ်ဆေးဝါးအကြောင်းအသိပညာဆွေးနွေးပွဲပေါင်း (၁၄)ကြိမ်ကျင်းပပေးခဲ့သည်။ လက်ရွေးစင်အားကစားသမားများအတွက် ဆေးပစ္စည်းများဖြည့်တင်းပေးခဲ့ပြီး စခန်းသွင်းလေ့ကျင့်ရေးအတွက် စားစရိတ်၊ ချီးမြှင့်ငွေ၊ လေ့ကျင့်ရေးသုံးပစ္စည်း၊ ပြိုင်ပွဲသုံးပစ္စည်းကုန်ကျစရိတ်များကိုလည်း နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြိုင်ပွဲဝင်အားလုံးကလည်း အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နှလုံးသွင်းကာ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ မိမိတို့ကြိုးစားမှုသည် မိမိအတွက်အလွန်ပင်ဂုဏ်ယူဖွယ်ကောင်းသည့်အောင်မြင်မှုဖြစ်သလို နိုင်ငံတော်အတွက်လည်း ဂုဏ်ယူဖွယ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၉ ရက်နေ့ကကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အားအောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကိုမြှင့်တင်နိုင်ရေးဆိုသည့်အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်းကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များဖြင့် အချင်းချင်းရိုင်းပင်းကူညီသွားကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတသန့်ရှင်းစွာယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေးသံတမန်ကောင်းတာဝန်များကိုကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကိုမြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းမောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန်တိုက်တွန်းအားပေးမှာကြားလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပြိုင်ပွဲတွင် အဆင့်မီမီယှဉ်ပြိုင်ရန်နှင့် ပြည်ပအတွေ့အကြုံရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ အားကစားနည်း(၂၉)မျိုးကို (၁၁၉)ကြိမ် သွားရောက်ယှဉ်ပြိုင်စေခဲ့ပြီးဖြစ်သည်။ ပြည်ပနိုင်ငံများတွင် ပူးတွဲလေ့ကျင့်မှုအဖြစ် အားကစားနည်း (၁၆)မျိုးကို အကြိမ်(၃၀) စေလွှတ်လေ့ကျင့်စေခဲ့သည်။ နိုင်ငံခြားသားနည်းပြငါးဦးကိုလည်း နိုင်ငံတော်စရိတ်ဖြင့်ငှားရမ်းလေ့ကျင့်စေရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အားကစားနည်း (၁၉)နည်းဝင်ရောက်ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် (၂၁) ဆု၊ ငွေတံဆိပ် (၂၅) ဆု၊ ကြေးတံဆိပ် (၆၈)ဆု စုစုပေါင်း (၁၁၄) ဆုရရှိခဲ့သည်ကို နိုင်ငံတော်က ဆုကြေးငွေ စုစုပေါင်းငွေကျပ် ၃၃၃,၃၀၀,၀၀၀/- (ကျပ်သုံးထောင်သုံးရာ သုံးဆယ့်သုံးသိန်းတိတိ) ချီးမြှင့်ခဲ့သည်။

ထို့ကြောင့် ယခု(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အကြိမ်များထက် ဆုတံဆိပ်ပိုမိုရရှိအောင် စွမ်းဆောင်ပေးကြရန်၊ မြန်မာအားကစားအဖွဲ့၏အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့်မှတ်တမ်းတင်သွားနိုင်ရန်နှင့် နိုင်ငံ့ဂုဏ်ကိုလည်းမြှင့်တင်ပေးရန် ကြိုးစားကြရမည်ဖြစ်သည်။

မည်သည့်ပညာရပ်မဆိုသင်ယူလေ့ကျင့်ခြင်းမှစတင်ခဲ့ကြရခြင်းဖြစ်သည်။ လေ့ကျင့်သားပြည့်ဝနေမှလည်း မိမိ၏ဘာသာရပ်အပေါ် အပြည့်အဝယုံကြည်နေမည်ဖြစ်သည်။ **“လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲခံ”**ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်စိတ်တံခွန်စိတ်ထားရှိကာ ပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဆိုသည်မှာ အားကစားသမားများအတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်သည့်ပွဲလည်းဖြစ်သည်။ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်ဆိုသည့်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကိုဖြစ်ပေါ်စေသည်။ ထိုမှတစ်ဆင့် တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည်။ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကိုဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့်စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်သည်။ ထို့ကြောင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြုအားကစားသမားများအနေဖြင့် အားကစားချစ်ကြည်ရေးသံတမန်ကောင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၃၇**

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# ကဝမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး

ကဝ နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျားတက်၊ ဖလေး၊ ပိုင်ကျုံ၊ အုန်းနဲ့ကျေးရွာတို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ရေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆွေဇင်ဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးရည်ရွယ်၍ အသိပညာပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အကြောင်းသိကောင်းစရာများ၊ ၎င်းစက်အသုံးပြု၍ မဲပေးခြင်းနှင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေးပြီး မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်း စသည့်မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဝမြို့နယ်အတွင်း နယ်မြေဒေသခွဲ၍ တစ်ပြိုင်တည်း ဆောင်ရွက်ကြကြောင်း သိရသည်။

(၄၁၀)

## MWD Education, Knowledge & Sports Channel

၂၁-၁၁-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၅:၅၅ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ - ၁၇:၃၀ | Grade - 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၁၁-၂၀၂၅(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm



Air conditioning & Refrigeration Mechanic Course မှ သင်တန်းသား၊ သင်တန်းသူများ လက်တွေ့သင်ကြားရေးလုပ်ဆောင်နေပုံ။

● စာမျက်နှာ ၃ မှအဆက်

**စက်မှုသင်တန်းကျောင်းများ၏ ပညာရေးဒဿန**

စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စက်မှုသင်တန်းကျောင်းများ (Industrial Training Centres – ITCs)သည် **သီးသန့်ပညာရေးဒဿန**တစ်ရပ်ပေါ်တွင်အခြေခံ၍ လည်ပတ်လျက်ရှိပြီး ဤဒဿနသည် သက်ဆိုင်ရာစက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သူများကို မွေးထုတ်ရန်ရည်ရွယ်သည့် **သိပ္ပံနှင့်လက်တွေ့ပေါင်းစပ်သော အသက်မွေးဝမ်းကျောင်းပညာရေးစနစ် (Applied TVET System)** ပင်ဖြစ်သည်။

**လက်တွေ့လုပ်ဆောင်ခြင်းမှတစ်ဆင့်သင်ယူမှု**

စက်မှုသင်တန်းကျောင်းများ၏ ပညာရေးဒဿနသည် John Dewey ၏ **လက်တွေ့အသုံးချဝါဒ (Pragmatism)** အပေါ် အခြေခံထားသည်။ ဤနည်းလမ်းတွင် သင်တန်းသားများသည် **"လုပ်ရင်းနဲ့သင် (Learning by Doing)"** ဆိုပြီး လက်တွေ့လုပ်ဆောင်မှုများမှတစ်ဆင့်အသိပညာများကိုသင်ယူကြသည်။ စက်မှုလက်တွေ့သင်ခန်းစာများ၊ လက်ငင်းလုပ်ငန်းခွင်များ၊ မျှော်မှန်းထုတ်လုပ်မှုအခြေအနေများ (Simulation) စသည်တို့သည် ဤအယူအဆပင်ဖြစ်သည်။ **စမ်းသပ်ခြင်း၊ လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**တို့မှ တစ်ဆင့်နားလည်မှုများတိုးတက်လာစေရန်ရည်ရွယ်သည်။

**ကိုယ်ပိုင်အတွေ့အကြုံမှတစ်ဆင့် အသိပညာတည်ဆောက်ခြင်း**

Piaget နှင့် Vygotsky တို့၏ **တည်ဆောက်ခြင်းဝါဒ (Constructivism)** သည်လည်း ITC ပညာရေးစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ဤနည်းလမ်းတွင် ဆရာများသည် အကြံပေးသူ (Facilitator) အဖြစ် သင်တန်းသားများကို ကိုယ်တိုင်သိမြင်မှုဖန်တီးရန် လမ်းညွှန်ပေးကြသည်။ အဖွဲ့လိုက်လုပ်ဆောင်မှု၊ အုပ်စုလိုက်စဉ်းစားခြင်းနှင့် ပြဿနာဖြေရှင်းခြင်း သင်ခန်းစာများသည် ဤနည်းပညာ၏ အဓိကလက်နက်ကိရိယာများပင်ဖြစ်ကြသည်။

**လေ့ကျင့်ခြင်းနှင့် ထပ်ခါထပ်ခါလေ့ကျင့်ခြင်း**

B.F. Skinner ၏ **အပြုအမူဝါဒ (Behavioralism)** သည် ITC သင်တန်းများတွင် ကျယ်ပြန့်စွာအသုံးပြုလျက်ရှိသည်။ လေ့ကျင့်မှုထပ်ခါတလဲလဲပြုလုပ်ခြင်းနှင့် အလေ့အကျင့်အသစ် ဖော်ဆောင်ခြင်းတို့မှ တစ်ဆင့်သင်ယူမှုဖြစ်စေရန် ရည်ရွယ်သည်။ လုပ်ငန်းကျွမ်းကျင်မှုများကို လက်တွေ့လေ့ကျင့်မှုဖြင့် တိုးတက်လာစေရန်ရည်ရွယ်ပြီး ကျွမ်းကျင်မှုစစ်ဆေးမှတ်တမ်း (Competency Checklist)၊ စွမ်းဆောင်ရည် အကဲဖြတ်ခြင်း (Performance Evaluation) နှင့် လက်တွေ့စမ်းသပ်စစ်ဆေးခြင်း (Practical Test) များဖြင့် သင်တန်းသား၏အောင်မြင်မှုကိုတိုင်းတာသည်။

**လူသားတစ်ဦး၏စွမ်းရည်အပြည့်အစုံဖွံ့ဖြိုးရေး**

Carl Rogers နှင့် Abraham Maslow တို့၏ **လူသားဗဟိုပြုဝါဒ (Humanism)** သည်လည်း ITC ပညာရေး၏ အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ သင်တန်းသားတစ်ဦး၏ **စွမ်းရည်နှင့်စိတ်ဓာတ်**တို့ကို အပြည့်အစုံဖွံ့ဖြိုးစေရမည်ဟူသော အယူအဆပင်ဖြစ်သည်။ ITC သင်တန်းများတွင် လက်တွေ့ကျွမ်းကျင်မှုအပြင် အဖွဲ့လိုက်ဆောင်ရွက်မှု၊ စည်းကမ်းနှင့်တာဝန်ယူမှု စသည့် Soft Skills များကိုပါ သင်ကြားပေးထားသည်။ သင်တန်းသားတိုင်း၏ **ဂုဏ်သိက္ခာနှင့် မျှော်လင့်ချက်**ကိုလေးစားခြင်းသည် ဤအယူအဆ၏အခြေခံဖြစ်သည်။

**အတွေ့အကြုံမှတစ်ဆင့်သင်ယူမှုစက်ဝန်း**

David Kolb ၏ **အတွေ့အကြုံ မှတစ်ဆင့်သင်ယူမှု (Experiential Learning)** ပုံစံသည်လည်း ITC ပညာရေးတွင် အရေးပါသောနေရာမှ ပါဝင်နေပြန်ပါသည်။ **အတွေ့အကြုံ → ပြန်လည်သုံးသပ်မှု → နားလည်စွာဖွဲ့စည်းမှု → လက်တွေ့အသုံးချခြင်း** ဟူသော သင်ယူမှုစက်ဝန်းကို အသုံးပြုထားသည်။ သင်တန်းသားများသည် Apprenticeship နှင့် On–the–Job Training (OJT) များမှတစ်ဆင့် စက်မှုလုပ်ငန်း၏စစ်မှန်သော ပတ်ဝန်းကျင်တွင် လေ့လာကြရသည်။ **ပြန်လည်သုံးသပ်အစီရင်ခံစာ (Reflection Report) နှင့် လက်တွေ့လေ့ကျင့်မှုမှတ်တမ်းစာအုပ် (Practice logbook)** များဖြင့် ကိုယ်တိုင်သုံးသပ်နိုင်စေရန် စီစဉ်ပေးထားသည်။

**ပေါင်းစည်းထားသော ITC ပညာရေးမော်ဒယ်**

ITC ပညာရေးမော်ဒယ်သည် အထက်ဖော်ပြပါ ပညာရေးဒဿနအမျိုးမျိုးကို သဟဇာတဖြစ်အောင် ပေါင်းစည်းထားသော ပညာရေးမော်ဒယ်တစ်ခုဖြစ်သည်။ Pragmatism, Constructivism နှင့် Experiential Learning တို့ကို အခြေခံပြီး Behaviorism ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် Humanism ၏ လူ့တန်ဖိုးအခြေခံ အယူအဆများကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ဤပေါင်းစပ်မှုကြောင့်ပင် **ကျွမ်းကျင်မှု၊ သစ္စာရှိမှုနှင့် လက်တွေ့ကျွမ်းကျင်သူ**များကို မွေးထုတ်နိုင်သော စက်မှုသင်တန်းကျောင်းစနစ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဤပညာရေးဒဿနသည် စက်မှုသင်တန်းကျောင်းများအား မြန်မာနိုင်ငံ၏စက်မှုဖွံ့ဖြိုးရေးအတွက် အဓိကကျသောအချက်တစ်ခုအဖြစ် ရပ်တည်စေပြီး **ပညာရေးနှင့်လက်တွေ့လုပ်ငန်းခွင်အကြားရှိ ဟန်ချက်ညီသော ဆက်သွယ်မှုတစ်ခု** ဖြစ်လာစေသည်။

**စက်မှုဝန်ကြီးဌာန၏ ITC ပညာရေးတိုးတက်စေရေး ဆောင်ရွက်နေမှုများ**

မြန်မာနိုင်ငံ၏ စက်မှုစွမ်းအားကိုမြှင့်တင်ရန်အတွက် စက်မှုဝန်ကြီးဌာနသည် **"ကျွမ်းကျင်သူများမွေးထုတ်ခြင်း၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်မှုဆောင်ရွက်နိုင်သော လူ့စွမ်းအားဖွံ့ဖြိုးရေး"** ဟူသောရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ရာတွင် စက်မှုသင်တန်းကျောင်း (ITC) များသည် ဗဟိုအချက်အချာကျသော ပလက်ဖောင်းများအဖြစ် ရပ်တည်နေသည်။ ITC များ၏ အောင်မြင်မှုသည် ၎င်းတို့၏ခိုင်မာပြတ်သားသော ပညာရေးဒဿနအပေါ်အခြေခံထားပြီး ဤဒဿနသည် လက်တွေ့ဘဝနှင့် စက်မှုလောက၏တိကျသောလိုအပ်ချက်များကို ထင်ဟပ်စေသည့် မဟာဗျူဟာမြောက်ချဉ်းကပ်နည်းတစ်ရပ်ပင်ဖြစ်သည်။

**စွမ်းဆောင်ရည်အခြေပြုပညာရေး (Competency–Based Education – CBE)**

ITC သင်တန်းများ၏ အုတ်မြစ်သည် "စွမ်းဆောင်ရည်အခြေပြု ပညာရေး" အပေါ်တွင် တည်ဆောက်ထားပြီး သင်တန်းသားတစ်ဦး **"သိမြင်သည့်အရာ (Knowledge)"** ထက် ၎င်းတို့ **"လုပ်ဆောင်နိုင်သည့်အရာ (What a learner can do)"** ကို ပိုမိုအလေးပေးထားသည်။ ရလဒ်အနေဖြင့် သင်တန်းအောင်မြင်မှုကို **စာမေးပွဲအမှတ်များနှင့်သာ တိုင်းတာခြင်းမဟုတ်ဘဲ လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သော ကျွမ်းကျင်မှုများကို စနစ်တကျကျွမ်းကျင်စွာလုပ်ကိုင်နိုင်ခြင်း ရှိ/မရှိ** ဖြင့် အဓိကတိုင်းတာသည်။ ဤစနစ်သည် **"အတတ်ပညာရှိသူ (Competent Worker)"** များကိုသာ မွေးထုတ်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

**နှစ်မျိုးလေ့ကျင့်သင်တန်းစနစ် (Dual Training Model – 30% Theory & 70% Practical)**

ITC များ၏ထူးခြားသောသင်ကြားရေး နည်းဗျူဟာမှာ **ဂျာမနီ၏ ကမ္ဘာကျော်နှစ်မျိုးလေ့ကျင့်သင်တန်းစနစ် (German Dual System)** ကို **မြန်မာ့အခြေအနေနှင့်လိုက်လျောညီထွေရှိစွာ အကောင်အထည်ဖော်ထားခြင်း**ပင်ဖြစ်သည်။ ဤစနစ်သည် သင်ရိုးညွှန်းတမ်းကို သီအိုရီ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း ဟူ၍ မျှတအောင် စီမံဆောင်ရွက်ထားခြင်းဖြစ်သည်။ ၃၀ ရာခိုင်နှုန်းသီအိုရီတွင် နည်းပညာဆိုင်ရာ အခြေခံမူများ၊ ပုံဆွဲပညာ၊ လုံခြုံရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများပါဝင်ပြီး ၇၀ ရာခိုင်နှုန်း လက်တွေ့တွင် စက်ရုံများနှင့် အလုပ်သင်စက်ခန်းများအတွင်း စစ်မှန်သောကိရိယာများ၊ စက်ပစ္စည်းများဖြင့် လက်တွေ့လုပ်ဆောင်ခွင့်ရရှိသည်။ ဤသို့ မျှမျှတတခွဲဝေထားသော သင်ကြားမှုသည် သင်တန်းသားများအား စာတွေ့သာမက လက်တွေ့ပါ လုပ်ကိုင်နိုင်စွမ်းရှိသည့် နည်းပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ခြင်း၏ အရေးကြီးဆုံးအချက်ပင်ဖြစ်သည်။

**တစ်သက်တာသင်ယူမှုနှင့် လုပ်ငန်းခွင်အဆင်သင့်ဖြစ်မှု**

ITC များ၏ ရည်မှန်းချက်မှာသင်တန်းပြီးသည်နှင့် ချက်ချင်းအလုပ်ခွင်ဝင်နိုင်သော **"လုပ်ငန်းခွင်သုံးပညာတတ်များ (Employable Graduates)"** ကို မွေးထုတ်ပေးရန်ဖြစ်သည်။ ထို့ကြောင့် သင်ကြားမှုသည် ခေတ်အမီဆုံးနည်းပညာများကို သင်ကြားပေးရုံသာမက တစ်သက်တာလုံး အမြဲအသုံးဝင်မည့် နည်းပညာ၊ အသိပညာ၏ အနှစ်သာရများ (Lifelong Technical & Knowledge Values) ကို သင်ကြားပေးသည်။ သင်တန်းဆင်းပြီးသူများသည် လုပ်ငန်းခွင်တွင် Level–1 (အခြေခံနည်းပညာရှင်) မှ Level–7 (စီမံခန့်ခွဲသူ/အင်ဂျင်နီယာ) အထိ မိမိ၏စွမ်းဆောင်ရည်အလိုက် အဆင့်ဆင့်တိုးတက်သွားနိုင်သော လမ်းကြောင်းများရှိသည်။

**ပညာရပ်နှင့် လူမှုရေးစွမ်းရည်ပေါင်းစပ်ခြင်း**

ITC များသည် နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်များကိုသာ အလေးပေးသည်မဟုတ်၊ ခေတ်မီစက်မှုလုပ်ငန်းတွင် အလွန်အရေးပါသော စွမ်းရည်များဖြစ်သည့် Soft Skills နှင့် လုပ်ငန်းခွင်ကျင့်ဝတ် (Work Ethics) များကိုပါ ပေါင်းစပ်သင်ကြားပေးသည်။ ၎င်းတို့တွင် လုပ်ငန်းခွင်စည်းကမ်း (Professional Discipline)၊ အဖွဲ့လိုက် လုပ်ဆောင်တတ်မှု (Teamwork)၊ အချိန်စီမံခန့်ခွဲမှု (Time Management)၊ တာဝန်ယူမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအလေ့အထများ (Res–ponsibility & Safety Culture)၊ စက်မှုလုပ်ငန်းဆိုင်ရာကျင့်ဝတ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ် (Industrial Ethics & Environmental Awareness)၊ အဆက်မပြတ် မိမိကိုယ်ကိုမြှင့်တင်သည့်စိတ်ဓာတ် (Continuous Improvement Mindset)တို့ပါဝင်သည်။

**စက်မှုလုပ်ငန်းများနှင့် မိတ်ဖက်ပြုခြင်း**

ITC သင်တန်းများ၏ ထိရောက်မှုသည် စက်မှုလုပ်ငန်းများနှင့် တိုက်ရိုက်ချိတ်ဆက်ထားမှု(Industry Linkage) အပေါ်အဓိကမှီခိုနေသည်။ ဤချိတ်ဆက်မှုကို အလုပ်သင်စနစ် (Apprenticeship)၊ အလုပ်ခွင်အတွေ့အကြုံ (Internship) နှင့် အလုပ်တွင်လေ့ကျင့်သင်ကြားခြင်း (On–the–Job Training – OJT) တို့နှင့် စနစ်တကျ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ သင်ရိုးညွှန်းတမ်း (Curriculum)များကို အမျိုးသားကျွမ်းကျင်မှုစံနှုန်းအဖွဲ့၏ စံနှုန်းများ (NSSA Standards) နှင့် စက်မှုဝန်ကြီးဌာန၏ လက်တွေ့လိုအပ်ချက်များ (MOI Industrial Demand) နှင့်အဆက်မပြတ် ညှိနှိုင်းပြင်ဆင်ခြင်း နည်းလမ်းများဖြင့် အကောင်အထည်ဖော်ထားသည်။

**ဆရာများဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးအာမခံခြင်း**

အရည်အသွေးရှိသောသင်ကြားမှုကို ထိန်းသိမ်းရန်အတွက် ITC များသည် **"ဆရာများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်"** (Instructor Development Program) ကို အဓိကထားဆောင်ရွက်နေသည်။ ဤအစီအစဉ်များတွင် ဆရာများ၏ သင်ကြားပြသမှုပညာ (Pedagogy)၊ သင်ရိုးညွှန်းတမ်း ဒီဇိုင်းရေးဆွဲမှု (Curriculum Design)၊ စက်မှုလိုအပ်ချက်အပေါ် အကဲဖြတ်နိုင်စွမ်း (Industrial Assessment Skill) စသည့် စွမ်းရည်များကို မြှင့်တင်ပေးသည်။ ထို့ပြင် အရည်အသွေးထိန်းချုပ်ရေးနှင့် အာမခံမှုစနစ် (QA/QC System) ဖြင့် သင်ကြားမှု၏ အရည်အသွေးကို အဆက်မပြတ်စောင့်ကြည့်တိုင်းတာပြီးမြှင့်တင်ပေးလျက်ရှိသည်။

ITC များအနေဖြင့် **"အမြဲတမ်းလေ့လာမှုနှင့် တိုးတက်ပြင်ဆင်မှုများ အစဉ်တစိုက် ဆက်လက်လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စက်မှုပြန်လည်ဖွံ့ဖြိုးရေးအတွက် ထူးချွန်တက်ကြွပြီး သစ္စာရှိသော နည်းပညာကျွမ်းကျင်သူများကို မွေးထုတ်နိုင်ရန် (To produce skilled, ethical, and innovative technicians who can contribute to Myanmar's industrial renaissance through lifelong learning and continuous improvement.)"** ဟူ၍ ရည်မှန်းချက်ထားကာ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် **လူငယ်များ၊ အဆင့်မြင့်ပညာရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် လွဲခဲ့ရသူများအတွက် အခွင့်အရေးများမဆုံးရှုံးရလေအောင် ITC ၌ အခွင့်အလမ်းများ ထပ်မံရှိနေပါသေးကြောင်း** အသိပေးတင်ပြအပ်ပါသည်။ ။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၀

(၃၁)ကြိမ်မြောက်အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အာဆီယံမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံအသိုက်အဝန်းသည် နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ လူမှုရေးနှင့်ယဉ်ကျေးမှုမဏ္ဍိုင် စသည့်မဏ္ဍိုင်ကြီး ၃ ရပ်အပေါ်အခြေခံထားပြီး မဏ္ဍိုင်တစ်ခုချင်းသည်လည်း ဆက်နွှယ်နေကြကြောင်း၊ ထို့ကြောင့် အာဆီယံ၏ ၂၀၂၅ အလွန်မျှော်မှန်းချက်ဖြစ်သည့် ပိုမိုပေါင်းစည်း၍ တက်ကြွပြီး ပြည်သူလူထုကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်းတစ်ခုဖော်ဆောင်ရာတွင် ပေါင်းစည်းဆက်နွှယ်မှု၏အရေးပါမှုကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း။

ယခုနှစ်သည်ကွာလာလမ်ပူပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၅) ၏ အပြီးသတ်နှစ်ဖြစ်ပြီး အာဆီယံပို့ဆောင်ရေးစီမံကိန်း (၂၀၂၆-၂၀၃၀)ကို ကြိုဆိုမည့်နှစ်ဖြစ်သည်နှင့်အညီ အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသောအချိန်အခါလည်း ဖြစ်ကြောင်း၊ (၄၇)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး၏ကြေညာစာတမ်းအရ အာဆီယံ-နယူးဇီလန်လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ်လည်းဂုဏ်ပြုပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် လေကြောင်းဆက်သွယ်မှု အားကောင်းလာစေရန်၊ ကုန်စည်နှင့် ခရီးသွားလုပ်ငန်းလွယ်ကူချောမွေ့စေရန်နှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးနက်ရှိုင်းလာစေရန် အရေးပါသည့်မှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း။

သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုသည် အခြေခံအဆောက်အအုံနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ တည်ငြိမ်မှု၊ တိုးတက်မှုနှင့် အသိုက်အဝန်းတည်ဆောက်မှုတို့၏ မဟာဗျူဟာမြောက်ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်သည့်အပြင် အဆိုပါချိတ်ဆက်မှုကြောင့် အပြန်အလှန်လေးစားမှု၊ စည်းလုံးညီညွတ်မှုတို့နှင့်အတူ အာဆီယံမိတ်ဖက်ဆက်ဆံရေးစိတ်ဓာတ်ကို ထာဝရထိန်းသိမ်းလျက် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဆိုပါက ပိုမိုတိုးတက်မှုများရှိလာမည်ဟုလည်း ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရွေးကောက်ပွဲကျင်းပခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ပြန်လည်ထူထောင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုကိုမြှင့်တင်ရန် အရေးကြီးသည့်မှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲအပေါ် အာဆီယံမိသားစုများ၏နားလည်မှု၊ ပံ့ပိုးမှုနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများကို တန်ဖိုးထားပါကြောင်းနှင့် အာဆီယံအနေဖြင့် ပိုမိုခိုင်မာစည်းလုံးညီညွတ်ပြီး အနာဂတ်ကာလတွင် ရှေ့ကိုမျှော်မှန်းနိုင်သည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေမည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့အနေဖြင့် မိမိတို့နိုင်ငံကို စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံကိုတည်ငြိမ်အေးချမ်းပြီးသာယာဝပြောသည့် ဒေသတစ်ခုအဖြစ် တည်ဆောက်ရန်ဆိုသည့် တူညီသောမျှော်မှန်းချက်ကို အောင်မြင်သည်အထိ ဆက်လက် အကောင်အထည်ဖော်ရန် တိုက်တွန်းလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင်လည်း အကျိုးရလဒ်များစွာရှိသည့် ဆွေးနွေးမှုများဖြစ်ပေါ်လာရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားသို့တက်ရောက်လာကြသူများက အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး Strengthening Connectivity, Sharing The Future ဂုဏ်ပြုတေးသီချင်းမှတ်တမ်း Video Clip ကိုကြည့်ရှုခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

**❖ သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုသည် အခြေခံအဆောက်အအုံနှင့်သာသက်ဆိုင်ခြင်း မဟုတ်ဘဲ တည်ငြိမ်မှု၊ တိုးတက်မှုနှင့် အသိုက်အဝန်းတည်ဆောက်မှုတို့၏ မဟာဗျူဟာမြောက် ဆောင်ရွက်ချက်တစ်ခုလည်းဖြစ်သည့်အပြင် အဆိုပါချိတ်ဆက်မှုကြောင့် အပြန်အလှန် လေးစားမှု၊ စည်းလုံးညီညွတ်မှုတို့နှင့်အတူ အာဆီယံမိတ်ဖက်ဆက်ဆံရေးစိတ်ဓာတ်ကို ထာဝရ ထိန်းသိမ်းလျက် အတူတကွလက်တွဲဆောင်ရွက်သွားမည်ဆိုပါက ပိုမိုတိုးတက်မှုများရှိလာမည် ဟုလည်းယုံကြည် . . .**

# ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲရောင်းချနိုင်ခဲ့





နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၆၇ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲ ပဉ္စမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၁၀၀၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# (၃၁) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် (၃၁) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (31st ASEAN Transport Ministers Meeting – 31st ATM)နှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Jasmine Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြား၍ အခမ်းအနားကိုဖွင့်လှစ်သည်။



ထို့နောက် (၃၁) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး အစီအစဉ်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သယ်ယူပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းများဖြင့် ချိတ်ဆက်ပေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်ပြည်သူများအချင်းချင်း ပေါင်းစည်းဆက်နွယ်မှုတိုးမြှင့်ခြင်းတို့တွင် အရေးပါသည့်ကဏ္ဍဖြစ်ကြောင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း အာဆီယံ၏ ဒေသတွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုအားကောင်းလာပြီး ရေရှည်တည်တံ့သောပို့ဆောင်ရေးကဏ္ဍအဖြစ် ဖော်ဆောင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ကြောင်း၊ ယင်းတိုးတက်မှုများသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အာဆီယံ၏ခေါင်းဆောင်မှုကို ထင်ဟပ်စေလျက်ရှိကြောင်း၊ မိမိတို့သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ ကြိုးစားအားထုတ်မှုသည် အာဆီယံပေါင်းစပ်ဆက်နွယ်မှုမဟာဗျူဟာစီမံကိန်း ၂၀၂၅ နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံပါမျှော်မှန်းချက်များကို အထောက်အကူဖြစ်စေကြောင်း။

ယခုနှစ်သည် ကွာလာလမ်ပူပို့ဆောင်ရေးမဟာဗျူဟာစီမံကိန်း၏ အပြီးသတ်ကာလဖြစ်သကဲ့သို့ အာဆီယံပို့ဆောင်ရေးစီမံကိန်း (၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုအသစ်များ စတင်ဆောင်ရွက်မည့်ကာလဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဆွေးနွေးချက်များသည် လာမည့်ဆယ်စုနှစ်အတွင်း အာဆီယံပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ဦးတည်ချက်များ ချမှတ်ရာတွင် များစွာအရေးပါမှုရှိကြောင်း၊ မိတ်ဖက်များနှင့်ထိတွေ့ဆက်ဆံမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှု စသည့်အခြေခံမူများနှင့်အညီ ပြည်သူများအားလုံးအတွက် သာယာဝပြော၍ ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်နိုင်သော သယ်ယူပို့ဆောင်ရေးစနစ်အား ပုံဖော်နိုင်မည်ဟုယုံကြည်ကြောင်း၊ ယခုအစည်းအဝေးနှင့်အတူ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများဖြင့် ဆက်စပ်အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုကို အားကောင်းစေပြီး ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခိုင်မာသော ရလဒ်များကိုဖော်ဆောင်ပေးနိုင်ရန်စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို အတည်ပြုထားသည့်အစီအစဉ် ၁၁ ခုဖြင့် ကျင်းပသည်။

အာဆီယံပို့ဆောင်ရေးဝန်ကြီးများက ၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကွာလာလမ်ပူသယ်ယူပို့ဆောင်ရေးစီမံကိန်း (၂၀၁၆-၂၀၂၅) အပြီးသတ် အစီရင်ခံစာ၊ အာဆီယံပို့ဆောင်ရေးစီမံကိန်း(၂၀၂၆-၂၀၃၀)၊ သဘာဝမှစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဒေသတွင်းမဟာဗျူဟာ၊ အာဆီယံလျှပ်စစ်သုံးယာဉ် အကောင်အထည်ဖော်ရေးလမ်းပြမြေပုံ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးနှင့် အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးအပ်ရေးလုပ်ငန်းဆိုင်ရာများ၊ ရထားပို့ဆောင်ရေးလုပ်ငန်း အပြန်အလှန်လုပ်ငန်းဆောင်ရွက်မှုတိုးမြှင့်ခြင်းဆိုင်ရာ မဟာဗျူဟာစီမံကိန်းများအား အတည်ပြုကြသည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (24th ASEAN and China Transport Ministers Meeting) ကိုလည်းကောင်း၊ (၂၃) ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (23rd ASEAN and Japan Transport Ministers Meeting) ကိုလည်းကောင်း၊ (၁၆) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး (16th ASEAN and Republic of Korea Transport Ministers Meeting) ကိုလည်းကောင်း အစီအစဉ်များအတိုင်းကျင်းပကာ အာဆီယံ-တရုတ်သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၆-၂၀၃၅)၊ အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်(၂၀၂၅-၂၀၂၆) နှင့် အာဆီယံ-ကိုရီးယား သယ်ယူပို့ဆောင်ရေး လမ်းပြမြေပုံ (၂၀၂၆-၂၀၃၀) များအား အတည်ပြုခဲ့ကြပြီး ညနေပိုင်းတွင် အစည်းအဝေးများအားလုံး ပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအပါအဝင်စုစုပေါင်း ၁၈၇ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

---

# ကျောက်ဆည်မြို့နယ်၌ မိုးစပါးဧက ၅၂၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး စပါးခင်းများစတင်ရိတ်သိမ်း

ကျောက်ဆည် နိုဝင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် နေရာဒေသအလိုက် ရေရရှိရေးနည်းလမ်းများဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းနှင့် အစေ့တိုက်ရိုက်ချစိုက်ပျိုးနည်းများဖြင့် စပါးဧက ၅၂၀၀၀ ကျော်စိုက်ပျိုးထားပြီး သင်တောင်းကျေးရွာ ကွင်းအမှတ်(၁၄၇) ဦးပိုင်အမှတ်(၈၃/၃) တောင်သူဦးမောင်မောင်ညွန့်၏ လယ်ယာမြေတွင် စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။



မိုးစပါးများစိုက်ပျိုးရာတွင် ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက်ဧက ၁၃၅၆၃ ဧက၊ အစေ့တိုက်ရိုက်ချစိုက်ဧက ၂၂၄၇၅ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက်ဧက ၄၉၁၁ ဧက၊ အစေ့တိုက်ရိုက်ချစိုက်ဧက ၁၀၅၉၂ ဧက၊ သစ်တက္ကုန်းဆည်ရေသောက်စနစ်ဖြင့် ပျိုးထောင်စိုက်ဧက ၁၀၀၊ အစေ့တိုက်ရိုက်ချစိုက်ဧက ၃၃၆ ဧက၊ မိုးကောင်းသောက်(မိုးရေ)ဖြင့် အစေ့တိုက်ရိုက်ချစိုက်ဧက ၂၄၇ ဧက၊ မြေအောက်ရေ(စက်ရေတွင်း)ဖြင့် ပျိုးထောင်စိုက်ဧက ၁၁၀ စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အနေဖြင့် ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံရေး တောင်သူများနှင့် ပူးပေါင်း၍ ရောမင်း ၅၀၂၃၉ ဧက၊ မနောသုခ ၄၅၅ ဧက၊ ရွှေမနော် ၁၅၆၉ ဧက၊ အောင်နိုင်တိုး ၂၉ ဧက၊ GW-11 ၄၂ ဧက စုစုပေါင်း ၅၂၃၃၄ ဧကစိုက်ပျိုးထားကြောင်းနှင့် စပါးများအောင်မြင်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာဦးစီးဌာနများမှ ဒေသအလိုက် ရေမြေနှင့်ကိုက်ညီသည့်မျိုးများ ဖြန့်ဝေခြင်း၊ စိုက်နည်းစနစ်များနှင့် အပင်ပြုစုခြင်း အသိပညာပေးဖြန့်ဝေပေးလျက်ရှိပြီး စိုက်ပျိုးရေများလည်း လုံလောက်စွာပေးဝေလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

---

# လားရှိုးမြို့၌ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များပေးအပ်လှူဒါန်း

လားရှိုး နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာလ ၂၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးမြတ်ဇင်က စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းသည့်ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပြည်နယ်မန်နေဂျာ ဦးမြတ်ဇင်က စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာအုပ်စာစောင် စုစုပေါင်း ၂၇၉ အုပ်ကိုပေးအပ်လှူဒါန်းရာ လားရှိုးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က လက်ခံရယူပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)(၃၁) ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၁၄၃ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် (၃၁) ကြိမ်မြောက်သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်နေ့၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာလက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာလ ၃ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန်ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင်ပင့်သံဃာတော်၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၀၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့်သာသနာနွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုဖူးမြော်စဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၇ ပါးနှင့် သာသနာနွယ်ဝင် သီလရှင် ၃ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၃၃˚c |
| ရန်ကုန် | ၂၂˚c | / | ၃၂˚c |
| မန္တလေး | ၂၂˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာလ (၂၀) ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၀**

**လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) အတွင်းရေးမှူး ဦးမင်းဇော်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တစ်ဆင့်ပေးပို့လာပါသည်။**

**အဆိုပါဟောပြောတင်ပြချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)အနေဖြင့် မိဘပြည်သူများသို့ ပါတီ၏မူဝါဒနှင့်လုပ်ငန်းစဉ်များကို တင်ပြခွင့်ရအောင် စီစဉ်ပေးပါသော နိုင်ငံတော်အကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) သည် ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ ( Social Economic Promotion Party)သည် မိဘပြည်သူများနှင့် အတူ မွေးဖွားခဲ့သောအဖွဲ့အစည်းဖြစ်၍ လက်ရှိနိုင်ငံတော်တစ်ဝန်းဖြစ်ပေါ်လျက်ရှိသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများအား ကျွန်ုပ်တို့ပါတီမှ မိဘပြည်သူများနှင့်ထပ်တူခံစားရပါသည်။ သို့ပါသောကြောင့် မိဘပြည်သူများအနေဖြင့် ကျွန်ုပ်တို့ပါတီအပေါ် ယုံကြည်စွာလက်တွဲ၍ ဆောင်ရွက်ခွင့်ပေးမည်ဆိုပါက ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း ဦးစွာပထမ တင်ပြအပ်ပါသည်။

**ပါတီအမည်၏အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြအပ်ပါသည်**

ကျွန်ုပ်တို့အားလုံးသည် "လူသားများ" ဖြစ်သည့်အားလျော်စွာ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး စသဖြင့် အကျပ်အတည်းများကို တွေ့ကြုံနေကြရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ပါတီအနေနှင့် ၎င်းအကျပ်အတည်းများကိုပပျောက်စေပြီး မိဘပြည်သူများ၏ကျဆင်းသွားသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်အရာများကို မြှင့်တင်ပေးလိုသောဆန္ဒဖြင့် ဤပါတီ၏အမည်ကို **လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) S.E.P.P** ဟု ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ပါတီအနေဖြင့် (မူလ) ရည်ရွယ်ချက်မှာ -ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ခဲ့ပါသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် မန္တလေးတိုင်းဒေသကြီးတစ်ခုတည်းတွင်သာ ယှဉ်ပြိုင်နိုင်ခဲ့ပါသည်။ နောင်လာမည့်ရွေးကောက်ပွဲများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း မိဘပြည်သူများထံ ကြိုတင်တင်ပြအပ်ပါသည်။

ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)၏ အမှတ်တံဆိပ်၊ မူဝါဒ၊ ရည်ရွယ်ချက်နှင့် ဆောင်ပုဒ်များကို ဆက်လက်တင်ပြပါမည်။

**ပါတီအမှတ်တံဆိပ် (Logo)ပါအရောင်များ၏ အဓိပ္ပာယ်များမှာ -**

ပါတီအမှတ်တံဆိပ်ကို အဓိကအားဖြင့် အရောင် (၄) မျိုးကိုယ်စားပြုပြီး အမှတ်တံဆိပ်(Logo)ဘောင်အတွင်း လူသားတို့စုပေါင်းအားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်နိုင်ရေးကို ဦးတည်ဖော်ဆောင်ထားပါသည်။

- ❖ ခရမ်းရောင် - ဂုဏ်သရေရှိမှု၊ နက်နဲဆန်းကြယ်မှုနှင့် စိတ်ကူးစိတ်သန်းကောင်းမွန်မှုဟူသော အဓိပ္ပာယ်ဖော်ဆောင်ပါသည်။
- ❖ အနီရောင် - စွမ်းအားရှိခြင်း၊ သတ္တိရှိခြင်း၊ ရဲရင့်ခြင်းတို့ကို ကိုယ်စားပြုပါသည်။
- ❖ အဝါရောင် - ပျော်ရွှင်ခြင်းနှင့် ဘာသာသာသနာထွန်းလင်းတောက်ပစေသည့် အဓိပ္ပာယ်ဖော်ဆောင်ပါသည်။
- ❖ အစိမ်းရောင် - အေးချမ်းမှု၊ ဖွံ့ဖြိုးမှု၊ လန်းဆန်းတက်ကြွမှု၊ ကျန်းမာမှု စသည့်အဓိပ္ပာယ်များကိုဖော်ဆောင်ပါသည်။

ထိုကဲ့သို့သော အရောင်များ၏ လျှို့ဝှက်သောအဓိပ္ပာယ်များနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးမှု၊ ညီညွတ်မှုဖြင့် တန်းတူညီမျှသော အခွင့်အရေးရရှိပြီး တညီတညွတ်တည်းအင်အားဖြင့် နိုင်ငံတော်အရေးအား ပါတီမှဦးဆောင်အကောင်အထည်ဖော်ဆောင်သွားမည်ဟု အဓိပ္ပာယ်ရပါသည်။

**ပါတီ၏မူဝါဒများကို တင်ပြပေးရမည်ဆိုလျှင် -**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံပြီး တိုင်းရင်းသားပြည်သူများ၏သဘောဆန္ဒရယူကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသောကဏ္ဍအသီးသီးတွင် "နိုင်ငံသားအခွင့်အရေး" ကို ပြည့်ဝစွာရရှိနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်။

**ပါတီ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များမှာ -**

- ❖ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူတိုင်းအခြေခံဝင်ငွေဖူလုံစွာရရှိနိုင်ရေး။
- ❖ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်သူ့အစိုးရတစ်ရပ်ပေါ်ပေါက်ရေး။
- ❖ ပါတီမှကိုယ်စားပြုရွေးချယ်သောကိုယ်စားလှယ်သည် ပြည်သူမှရွေးချယ်သည့်ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန်ဖြစ်ရေး။

စသည်တို့ဖြစ်ပါသည်။

**ပါတီ၏ ဆောင်ပုဒ်များမှာ -**

- ❖ ပြည်သူ့အစိုးရ ...... ပြည်သူသာဖြစ်ရမည်။
- ❖ ပြည်သူ့အာဏာ ... ပြည်သူပိုင်ရမည်။
- ❖ ပြည်သူ့ဆန္ဒမဲ ..... ပြည်သူကိုပေးရမည်။
- ❖ ပါတီသည် အစဉ်အမြဲပြည်သူ့အတွက်ဖြစ်ရမည်၊ ပြည်သူသည် ပါတီအတွက်မဟုတ်။

စသည်တို့ဖြစ်ပါသည်။

မိဘပြည်သူများအနေနှင့် လက်ရှိဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခက်အခဲများသည် နိုင်ငံတွင်းပြဿနာတစ်ခုတည်းမဟုတ်ဘဲ ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများပါဝင်နေကြောင်းကို တိုင်းရင်းသားမိဘပြည်သူများသိရှိပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဆိုပါက ပိုမိုသင့်တော်ပါမည်ဟု ကျွန်ုပ်တို့ပါတီအနေဖြင့် တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးမှ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရရှိနိုင်ရေးအတွက် ဆန္ဒမဲပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းရင်း **"လူထုဘဝမြှင့်တင်ဖို့... S.E.P.P မဲပေးစို့"** ဟုတင်ပြလိုက်ရပါသည်။

# (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ နိုဝင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် (၃၆) နှစ်မြောက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်တိုင်း ခွဲခြားဆက်ဆံမှုကင်းပြီး တန်းတူညီမျှစွာ လက်လှမ်းမီခံစားရရှိရန်၊ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့်များ အပြည့်အဝရရှိစေရန်နှင့် ကလေးသူငယ်တစ်ဦးချင်းစီအတွက် နည်းလမ်းမှန်ကန်စွာ ပြုစုကာကွယ်စောင့်ရှောက်နိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများနှင့် ပရဟိတဂေဟာများမှ ကလေးသူငယ်များက နိုင်ငံတကာရင်သွေးငယ်သီချင်းကို စုပေါင်းသီဆိုဖျော်ဖြေကြပြီး တောင်ကြီးမူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်လေးများက သွေးချင်းတို့ရဲ့မြေသီချင်းနှင့် ရှမ်းသီချင်းဖြင့်လည်းကောင်း၊ အေးသာယာမူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်လေးများက ဘုံကထိန်သီချင်းနှင့် ခမ်းအီးသီချင်းဖြင့်လည်းကောင်း၊ အမျိုးသမီးပရဟိတဂေဟာမှကလေးငယ်လေးများက နောင်အင်းလေးသီချင်းဖြင့်လည်းကောင်း၊ စိတ္တသုခပရဟိတဂေဟာမှ ကလေးငယ်လေးများက အင်းတိုက်တေးနှင့်မီးပုံပွဲသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက သီဆိုကပြဖျော်ဖြေသည့် ကလေးငယ်များအား ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်း သိရသည်။

(၄၀၅)

## MWD Variety Channel

၂၁-၁၁-၂၀၂၅

(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၅ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၀:၄၀ | Countries of the World |
| ၃။ | ၁၁:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၄။ | ၁၂:၄၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၅။ | ၁၄:၂၀ | မှတ်တမ်းအစီအစဉ် (ကမ္ဘာ့နာတာရှည်အဆုတ်ပွအသက်ရှူလမ်းကြောင်းကျဉ်းရောဂါနေ့) |
| ၆။ | ၁၆:၂၀ | လူငယ်ရှေ့ရေးအတွေးကမ္ဘာ |

# မွန်ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၀**

**မွန်ညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မင်းအောင်ထူးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်းအောင်ထူး**
**(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မွန်ညီညွတ်ရေးပါတီ)**

**မင်္ဂလာပါခင်ဗျာ...**

လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ညီညွတ်ရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မင်းအောင်ထူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ညီညွတ်ရေးပါတီကိုယ်စား အခုလိုတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လာမယ့်ဒီဇင်ဘာလ (၂၈)ရက်နေ့မှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့မွန်ညီညွတ်ရေးပါတီအနေနဲ့ မွန်ပြည်နယ်တွင်းမှာရှိတဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကိုယ်စားလှယ်လောင်း (၃၈)ဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့်ရနိုင်ဖို့ရာ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုက အဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေသိရှိအောင် အကျဉ်းချုပ်တင်ပြလိုပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြုနိုင်ငံရေးပါတီဖြစ်ပြီး မွန်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားအားလုံးအတွက် နိုင်ငံရေးအရတန်းတူညီမျှပြီး အေးချမ်းသာယာတဲ့၊ ပြည်သူတွေလိုလားတောင့်တတဲ့၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်သွားနိုင်မယ့်နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်မယ်လို့ယုံကြည်ထားပါတယ်။

**မိဘပြည်သူများနဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ဒီပစ္စုပ္ပန်ကာလ နိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့်ရွေးကောက်ပွဲအပေါ် ထင်မြင်ယူဆချက်အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုး ရှိနေကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့မွန်ညီညွတ်ရေးပါတီအနေနဲ့က နိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ ဆုတ်ယုတ်အားနည်းမှုတွေ၊ အခက်အခဲစိန်ခေါ်မှုတွေ၊ ကောင်းတစ်ခါဆိုးတစ်လှည့် ကြုံတွေ့ရတဲ့နိုင်ငံရေးလောကဓံတွေကို နိုင်ငံနဲ့ပြည်သူလူထုထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။ မွန်ညီညွတ်ရေးပါတီအနေနဲ့ နိုင်ငံသားအားလုံးအတွက်ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုတစ်ခုတည်ဆောက်မယ်ဆိုတဲ့ နိုင်ငံရေးအန္တိမပန်းတိုင်ကို ရောက်ရှိနိုင်ဖို့အတွက် ဦးလည်မသုန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ **“ မွန်ပြည်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့် တကွ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ပြီး ပြည်သူလူထုက ယုံကြည်အားကိုးရသည့် ခိုင်မာသော နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားရန်”** ဆိုတဲ့ရည်ရွယ်ချက်နဲ့ လာမယ့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်နဲ့မဲဆန္ဒရှင်ပြည်သူတွေအကျိုးအတွက်ဖော်ဆောင်သွားလိုတဲ့ မွန်ညီညွတ်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို အနှစ်ချုပ်ပြီး တင်ပြရမယ်ဆိုရင် ...

**နိုင်ငံရေးကဏ္ဍ**မှာ ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေးနဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတို့နဲ့ပြည့်စုံပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်သွားရေးကိုဦးတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ လိုအပ်တဲ့လုပ်ငန်းဆောင်တာများကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်သွားနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**စီးပွားရေးကဏ္ဍ**ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသတွင်းရော်ဘာအပါအဝင် စက်မှုကုန်ကြမ်းတွေစနစ်တကျထုတ်လုပ်နိုင်ရေး၊ ကုန်ချောများထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရေး၊ နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး စီးပွားရေးစီမံကိန်းများဖော်ထုတ်ရေး၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးတက်ထုတ်လုပ်သုံးစွဲနိုင်ရေးစတဲ့ အချက်တွေအပြင် အခြားသောလုပ်ငန်းစဉ်များလည်း ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လူမှုရေးကဏ္ဍ**အောက်မှာတော့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုတည်ဆောက်နိုင်ဖို့နဲ့ ကျေးလက်နဲ့ မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုတစ်ပြေးညီရရှိစေရေး၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများစောင့်ရှောက်ရေး၊ ဆေးရုံဆေးပေးခန်းတွေ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာရေး၊ စားသောက်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေး စတဲ့ လုပ်ငန်းတွေအတွက် အားပေးသွားမှာဖြစ်ပါတယ်။




**ပညာရေးကဏ္ဍ**မှာ လူတိုင်းစာတတ်မြောက်ရေးနဲ့ အခမဲ့မသင်မနေရအခြေခံပညာရေးစနစ်ကို ထိရောက်စွာအကောင်အထည်ဖော်သွားပြီး စံချိန်စံညွှန်းနှင့်ပြည့်မီတဲ့ ပုဂ္ဂလိကပညာရေးစနစ်ကိုအားပေးသွားနိုင်ရေး၊ အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာတို့ကို နိုင်ငံတကာအဆင့်သို့ရောက်ရှိနိုင်အောင် အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် အမျိုးသမီးနဲ့လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ဆောင်ရွက်သွားမှာဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီရေတောကာကွယ်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားကဏ္ဍ**အနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ မွန်ညီညွတ်ရေးပါတီဟာ မြန်မာပြည်တစ်နံ့တစ်လျားမှာနေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနဲ့အတူ ဆိုင်ရာဆိုင်ရာအင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်ညီညွတ်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒလုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေရှိနေပါစေ၊ နိုင်ငံရေးမှာ ခေါင်းမရှောင်တတ်တဲ့ ကျွန်တော်တို့မွန်ညီညွတ်ရေးပါတီကို ထောက်ခံအားပေးရင်း အပြောင်းအလဲအတွက် တစ်ကျော့ပြန်ခြေလှမ်းအစကို တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း အတူလျှောက်လှမ်းကြပါစို့လို့ မွန်ညီညွတ်ရေးပါတီရဲ့ကိုယ်စား တိုက်တွန်းလိုက်ရပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျာ...။

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီးပညာရေးမှူးရုံးညွှန်ကြားရေးမှူး(ပညာ) ဒေါက်တာရွှေဇင်အိနှင့်တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေကြသောအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကျင်းပရာ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁)၊ အမှတ်(၃)၊ မြို့မအခြေခံပညာအထက်တန်းကျောင်း၊ မြစ်သားမြို့ စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကာ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ “နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည်ခိုင်မာတိုးတက်စေရမည်” Video Clip အားပြသသည်။

ထို့နောက် သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့သည် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေကျပ် ၅ သိန်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပြခန်းများ၊ ပြိုင်ပွဲများ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသထားမှုနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ပျော်ပွဲ၊ ရွှင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
  မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ရွှေဘိုခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ရွှေဘို နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ဧက ၁၀၀၀ ကျော်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ရွှေဘိုခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၁၄၇ ဧကအထိစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ ၁၀၃၃ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၄ ဒသမ ၁၀ တင်းထွက်ရှိသည်။

ရွှေဘိုခရိုင်၌ မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်၌ ၂၅ ဧက၊ ခင်ဦးမြို့နယ်၌ ၇၈၂ ဧက၊ ဝက်လက်မြို့နယ်၌ ၂၁၄ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲ၌ ၁၂ ဧက စုစုပေါင်း ၁၀၃၃ ဧကတို့ဖြစ်သည်။

ရွှေဘိုခရိုင်၌ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများအရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၄၀၉)



## ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးမြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမအကြိမ်မဲစာရင်းထုတ်ပြန်မှုအပေါ် ပြန်လည်စိစစ်၍ ဒုတိယအကြိမ်မဲစာရင်းထုတ်ပြန်မှုတွင် အားနည်းချက်မရှိစေရေး စိစစ်ဆောင်ရွက်ခြင်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် တိုင်းပြည်အတွက် အလွန်အရေးပါပြီး မဖြစ်မနေအောင်မြင်အောင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မဲဆန္ဒရှင်ပြည်သူတိုင်းမဲပေးနိုင်ရေးနှင့် မဲစာရင်းတွင်ပါရှိနိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ မဲရုံတာဝန်ကျဝန်ထမ်းများ၏ လုံခြုံရေး၊ မဲရုံလုံခြုံရေးများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပမည့်မြို့နယ်များသာမက ဆက်လက်ဆောင်ရွက်မည့် အပိုင်းအားလုံး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး အားလုံးကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိက မဲစာရင်းမှန်ကန်ရေးနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် လူဦးရေ၊ မဲရုံလျာထားမှုနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုမဲပေးနိုင်ရေး သရုပ်ပြသမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးလိုအပ်သည်များကို မြို့နယ်အလိုက် အသေးစိတ်မှာကြားကြောင်း သိရသည်။

ဥဿာတိုင်းသား

## ရွေးချယ်ကာ မဲပေးကြပါစို့

❖ ဒီမိုကရေစီ ပန်းတိုင်လှမ်း
မျှော်မှန်းလို့ လျှောက်လှမ်းမည်။
ကိုယ်စားလှယ် ရွေးချယ်မှု
အစပြုသည်။
ရွေးကောက်ပွဲကြီး နီးလာပြီ
အကြိုက်ညီ ရှာဖွေလို့။
ပြည့်ကျိုးမျှော် လူတော်ကိုရွေး
မဲပေးကြစို့။

❖ ကိုယ့်နိုင်ငံ ကိုယ့်ဒေသ
လက်တွေ့ကျ အကျိုးပြုမည့်သူ။
အများကျိုးကို ရွက်သယ်ပိုးလို့
ကိုယ်ကျိုးစွန့်လှူ။
တရားဥပဒေစိုးမိုးရေး အမြင်တူ
များပြည်သူ အေးချမ်းရေး။
ပြည့်ကျိုးမျှော် လူကောင်းကိုရွေး
မဲပေးစို့လေး။

❖ ဒို့တာဝန် အရေးသုံးပါး
ဦးထိပ်ထား ရင်ထဲမှာ။
ထိန်းသိမ်းကာ စောင့်ရှောက်လို့
တောက်ပလျက်သာ။
အမျိုးသားနိုင်ငံရေး ဆိုသည်မှာ
အချုပ်အခြာအာဏာတည်တံ့ရေး။
ကိုယ်စားလှယ်
တကယ်ကိုက်မကိုက်
နှစ်ခြိုက်သူရွေး။

❖ ကိုယ်စားလှယ် အရည်အသွေး
စဉ်းစားတွေး လေ့လာရန်။
တပ်နှင့်ပြည်သူ သွေးမကွဲဖို့
စွဲမြဲ သိဉာဏ်။
မျိုးချစ်စိတ် အခြေခံ
နိုင်ငံမှာ တိုးတက်ရေး။
အဖန်ဖန် စိတ်မှာတွေးလို့
မဲပေးစို့လေး။ ။

**မောင်မောင်အေး(ဘိုကလေး)**

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၂၅ (သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၁၁:၀၀ မြတ်ဗုဒ္ဓ၏သာသနာ
၃။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၄။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၅။ ၁၈:၂၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၆။ ၁၈:၃၀ **(၃၈)ဖြာမင်္ဂလာ ပတိရူပဒေသဝါသောစ**
၇။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

# စာဆိုတော်နေ့နှင့်စာပေကိုနှလုံးသားဖြင့် ခြယ်မှုန်းကြသူများ

အောင်ဘုန်း

နတ်တော်လရာသီသည် စာပေရနံ့ထုံမွမ်းသောကာလဖြစ်ပြီး ခေတ်အဆက်ဆက် စာဆိုတော်တို့သီကုံးရေးဖွဲ့ခဲ့သည့် စာပေ၏တန်ဖိုး၊ စာပေ၏စွမ်းအားတို့ကို ပြန်လည်ဖော်ကျူးသည့်ကာလဖြစ်သည်။ နတ်တော်လသည် ဟေမန္တဆောင်းဥတုသို့ဝင်လုသောအခါသမယလည်းဖြစ်သည်။ နတ်တော်လ၏ ရာသီအမည်မှာ ဓနုရာသီဖြစ်ပြီး ရာသီပန်းအနေဖြင့် ဂမုန်းပန်း၊သဇင်ပန်းများ ပွင့်ဖူးကြသည်။ နတ်တော်လကို ရှေးအခါက မဟာပိန္နဲနတ်ကို ပူဇော်သောလအဖြစ် "မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျွေးမြဲပူဇော်၊ လနတ်တော်" ဟူ၍ ရေးဖွဲ့ခဲ့ကြသည်။ နတ်တော်လ၏ ရာသီပွဲတော်မှာ စာဆိုတော်ပွဲဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လ၌ စာဆိုတော်ကြီးများကို ချီးမြှင့်ပူဇော်သော စာဆိုတော်ပွဲနေ့ကိုကျင်းပခဲ့ကြသည်။ ခေတ်ကာလပြောင်းလဲ၍ ခေတ်မီတိုးတက်လာသည်နှင့်အညီနတ်တော်လတွင် စာဆိုတော်ပွဲများကို ရာသီပွဲတော်အဖြစ် ပြောင်းလဲသတ်မှတ်ကာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

## စာဆိုတော်နေ့ဖြစ်ပေါ်လာပုံ

စာဆိုတော်နေ့အခမ်းအနားကို ဂျပန်ခေတ်ကာလ ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့) တွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့သည်။ စာဆိုတော်နေ့ဖြစ်တည်လာရခြင်းမှာ ၁၉၄၄ ခုနှစ် မေလ ၄ ရက်တွင် ကွမ်းခြံကုန်းရှိ အာရှလူငယ်အစည်းအရုံး၌ ဦးပုညနေ့ ကျင်းပရာမှ စတင်ခဲ့ခြင်းဖြစ်သည်။၁၉၄၄ ခုနှစ် မေလ ၈ ရက်တွင် ဦးဝိစာရလမ်း နဝရတ်ရိပ်သာဝင်းအတွင်းရှိ ဝန်ကြီး ဦးလှမင်း ရုံးခန်းတွင် စာဆိုတော်နေ့ကျင်းပရန် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ရာ စာဆိုတော်နေ့ အဖြစ် ရက်တစ်ရက်ကို သတ်မှတ်ကြရန်ဆုံးဖြတ်ကြရာ၌ ဂျာနယ်ကျော် ဦးချစ်မောင်က ရှေးမြန်မာမင်းများလက်ထက်က နတ်တော်လတွင် မြန်မာဘုရင်များ ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ကြမြဲဖြစ်သဖြင့် နတ်တော်လ အတွင်းနေ့တစ်နေ့ကို သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပရန် သဘောတူခဲ့ကြသည်။

နိုင်ငံတော်အစိုးရ အဆက်ဆက်သည် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာဆိုတော်နေ့တွင် စာပေဆုနှင်းသဘင်ပွဲများ ဆင်ယင်ကျင်းပကာ စာပေဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှစတင်၍ **"စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု"**အဖြစ် စတင်ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ **"စာပေဗိမာန်ဆု"**၊ ၁၉၆၂ ခုနှစ်တွင် **"အနုပညာဆိုင်ရာစာပေဆု"**များပေးအပ်ခဲ့ပြီး ယခုအချိန်တွင် **"အမျိုးသားစာပေတစ်သက်တာဆု"**၊**"အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု"**များကို ဆက်လက်ပေးအပ်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် **"စာဆိုဗိမာန်"** ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိမြေကေ ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။

## စာပေဆုများပေးအပ်ချီးမြှင့်

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့နှင့်အတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ပြည်သူအားလုံး ဒီမိုကရေစီအလေ့အထကောင်းများရရှိအောင်၊ အသိဉာဏ်ပညာများပြည့်ဝအောင်၊ ခေတ်မီဗဟုသုတများ ဆည်းပူးနိုင်အောင် "စာပေ" ဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း"** ဟူ၍ စာပေလေ့လာဖတ်ရှုမှတ်သားခြင်း၏အရေးပါပုံကို ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၅၉ အုပ်အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၄၇ စောင်အတွင်းမှ ဘာသာရပ် ၁၄ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီး ဆုများချီးမြှင့်ခဲ့သည်။



## စာအုပ်စာပေ လူ့မိတ်ဆွေ

**"စာဖတ်သောလူမျိုးသည်တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်"** ဟူသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့် ပြောကြားခဲ့သည့် အဆိုအမိန့်သည်ထင်ရှားလှသည်။ မေ့လျော့နေသော အကြောင်းအရာအဖြစ်အပျက်တို့ကို မိတ်ဆွေတို့အားမေးမြန်းခြင်းဖြင့် ပြန်လည်အစဖော်နိုင်သကဲ့သို့ စာအုပ်အတွင်းမှ ပြန်လည်တူးဆွအစဖော်နိုင်သည်။ စာအုပ်စာပေတို့ကို မိမိ၏မိတ်ဆွေတစ်ဦးနှယ်မေးမြန်းနိုင်သည်။ မိမိမသိသည့် အသိပညာ၊ စကားလုံး၊ ခံစားမှုရသစသည်တို့ကိုသိစေအပ်သည့်မိတ်ဆွေကောင်းတစ်ဦးနှယ်ဖြစ်သည်၊ မိမိအားဆင်ခြင်တုံတရားကိုလည်း သင်ကြားပြောပြပေးသူဖြစ်သည်၊ မိတ်ကောင်းဆွေကောင်း အမြဲရှိနေသလို မိမိလက်ဝယ်စာကောင်းပေမွန်တစ်အုပ်သည် အမြဲရှိနေသင့်သည်။ စာဖတ်သူတို့ ပျော်ရွှင်စေရန်၊ အသိအလိမ္မာရရှိရန်နှင့် အကျိုးအကြောင်းဆင်ခြင်နိုင်စေရန် စေတနာကိုအရင်းခံထား၍ ရေးသားထားသောစာအုပ်မှန်သမျှသည် မိမိ၏မိတ်ဆွေများပင်ဖြစ်သည်။

## စာပေဖတ်ခြင်း၏ကျေးဇူး

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ စာဖတ်မှုအလေ့အကျင့်မရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြုံတွေ့နိုင်သည်။ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများမဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များ၊ စာဖတ်သူများ မွေးထုတ်ပေးရန်လိုအပ်သည်။ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကိုအကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုအပ်သည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်းလိုအပ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းဖြင့်လည်း စာဖတ်ရှိန်ကိုမြှင့်တင်ပေးနိုင်သည်။

စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့်စာပေအထိဖတ်ရှုရန်လိုအပ်သည်။ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံးဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်သည်။ စာဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာကိုရရှိနိုင်သည်။ စာအုပ်စာပေကို နားလည်အောင်ဖတ်၍နားလည်လာသည်နှင့်အမျှ ဖတ်နေသည့်စာကို အရသာခံတတ်အောင်ဖတ်ရမည်ဖြစ်သည်။ အရသာရှိသော အစာကိုအဖန်တလဲလဲစားချင်စိတ်ရှိလာသည့်နှယ် အရသာရှိသော စာကိုထပ်ခါထပ်ခါဖတ်ချင်စိတ်ဖြစ်အောင်လေ့ကျင့်ရမည်ဖြစ်သည်။ စာဖတ်များလာပါက ခြုံငုံနားလည်နိုင်စွမ်းသည်မြင့်မားလာမည်ဖြစ်သည်။ စာကိုဝေဖန်ပိုင်းခြားဖတ်ရှုသည့် အလေ့အကျင့်ကောင်းကိုလည်း မိမိကိုယ်မိမိပြုစုပျိုးထောင်ပေးရမည်၊ ဝေဖန်ပိုင်းခြားစွာ စာဖတ်သည့်အခါ ဖတ်ရှုနေသော စာသားကိုသာမက စာဖတ်နေသည့် မိမိကိုယ်မိမိ မေးခွန်းများထုတ်လာနိုင်မည်ဖြစ်သောကြောင့် ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုကို ထက်မြက်စေသည်။

**"ကမ္ဘာပတ်စရာမလိုဘူး၊ စာဖတ်ရုံနဲ့အကုန်သိနိုင်တယ်"**ဟူ၍ စာဖတ်ခြင်းဖြင့် အရာရာကိုသိရှိနိုင်ကြောင်းကို ဖော်ညွှန်းကြသည်။ စာဖတ်ခြင်းသည် အဆိုးမှ အကောင်းကို ပြောင်းလဲစေနိုင်သည်။ **"အလိမ္မာစာမှာရှိ"** ဟုလည်း ဖော်ညွှန်းကြသည်။ **"ကလေးတွေ စာဖတ်ကြလေ၊ ဒါမှသူများ ထက်သာမှာ၊ သူများအလိမ်အညာမခံရမှာ"**ဟူ၍ ဘိုးဘွား၊ လူကြီး၊ မိဘများက ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူများကို ဆိုဆုံးမကြသည်။ စာပေနယ်၌ ထင်ရှားသောစာရေးဆရာကြီး အောင်သင်းက **"ဘယ်သူတွေက ဘာပြောနေနေ မင်းကိုယ်ကိုမင်း ချစ်ရင်ပညာသင်ပါ၊ စာဖတ်ပါ၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်ရင် ပညာသင်ပါ၊ စာဖတ်ပါ"** ဟု ပြောကြားခဲ့သည်။

## စိတ်ခံစားမှု၊ အသိပညာနှင့် စာပေအရေးအသားတိုးတက်ခြင်း

စာဖတ်ခြင်းဖြင့် လူတစ်ယောက်၏ အသိပညာကွင်းစုံ အပြည့်အစုံတိုးတက်လာသည်။ စာအုပ်များ၊ သတင်းစာများနှင့် အခြားစာရွက်စာတမ်းများကိုဖတ်ခြင်းဖြင့် အကြောင်းအရာများကို သေချာစွာသိရှိနိုင်သည်။ လက်ရှိကမ္ဘာ့အခြေအနေ၊ နည်းပညာများနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာများကို တိုးတက်စေသည်၊ ထို့ပြင် စာဖတ်ခြင်းသည် စိတ်ခံစားမှုပိုမိုတိုးတက်စေသည်။ စာပေများကိုဖတ်ရှုခြင်းက စိတ်အတွင်းပိုင်းကို တိုးတက်စေပြီး ပတ်ဝန်းကျင်နှင့်ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်နိုင်စေသည်။ စာဖတ်ခြင်းသည် စိတ်မှတ်ဉာဏ်၊ မေ့ချပေးနိုင်သောအရာများကို စဉ်ဆက်မပြတ်မှတ်မိစေသည်။ လူတစ်ယောက်သည် အခြားသူများ၏ ရေးသားထားသော အတွေးအခေါ်များကို ဖတ်ရှုခြင်းက တီထွင်နိုင်စွမ်းပိုမိုရှိစေပြီး မျှတမှုနှင့်ကောင်းမွန်သော သဘောထားများကိုဖြစ်ပေါ်စေသည်။ ထို့ပြင် စာဖတ်ခြင်းကြောင့် လူများကို စကားပြောဆိုခြင်း၊ စာရေးခြင်း၌ ပိုမိုကျွမ်းကျင်လာစေသည်။ စာဖတ်ရာတွင် အသုံးပြုသော စကားလုံးများ၊ စာသုံးပုံများသည် လူတစ်ယောက်၏ စကားပြောဆိုမှုနှင့် စာရေးမှုကို ပိုမိုတိုးတက်စေသည်။

စွမ်းအားရှိသော စာပေ၏အကျိုးဆက်သည် နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာအားနည်းမှု၊ အသိအမြင်ကျဉ်းမြောင်းမှုကိုဖယ်ရှားနိုင်၍ မျိုးချစ်စိတ်ရှိမှု၊ ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မှုတို့ကို ပေါက်ပွားစေသည်။ ပြည်သူများအသိပညာဗဟုသုတနှင့် စိတ်ဓာတ်ခွန်အားမြင့်မားရေးကို စာပေပညာရှင်များက ဝိုင်းဝန်းစွမ်းဆောင်ပေးခြင်းဖြင့် ကျွန်တော်တို့၏ နိုင်ငံတော်ကြီးသည် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်းကို စာဆိုတော်နေ့ကို ဂုဏ်ပြုကြိုဆို၍ ရေးသားလိုက်ရပါသည်။ ။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ဆေးကုသမှုလာရောက်ခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

➢ **ကျောဖုံးမှအဆက်**

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၂ ဦး၊ ခွဲစိတ်ရောဂါ ၅၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၉ ဦး၊ မျက်စိရောဂါ ၇၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀ ဦး၊ မျက်စိခွဲစိတ်လူနာ ၇ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင်တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ်၊ စံပြကျေးရွာနေ ဦးအောင်ဖြိုး၏ဇနီး ဒေါ်ဖြူဖြူသင်း၏ ပထမဆုံးကိုယ်ဝန်ကို နံနက် ၇ နာရီ ၅၁ မိနစ်တွင် ၅ ပေါင် ၄ အောင်စရှိ သမီးဦးရတနာ မသင်းသံလွင်အား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အား တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ်မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ (၁၈)ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် (၂၂)ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး ယခု (၁၉) ကြိမ်မြောက်တွင် (၂၃)ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ်လ(၂) ရက်နေ့တွင် ပထမဦးဆုံးအောင်မြင်စွာမွေးဖွားပေးခဲ့သည့် အသက်(၁၀)နှစ်အရွယ်ရှိ သမီးငယ် မေသံလွင်အား တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံပြီး ချီးမြှင့်ငွေနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

၎င်းအပြင်ဒေသခံပြည်သူများ၏ဆေးဝါးကုသမှုခံယူနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ တပ်ဆင်ပေးခြင်း၊ အာဟာရပြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ဆေးကုသမှုခံယူကြသည့် ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အကြို/အပို့ ဆောင်ရွက်ပေးသည့်အပြင် နံနက်စာကျွေးမွေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။







ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -

"အခုက သုံးမျိုးပြတယ်ပေါ့နော် အထွေထွေလည်းပြတယ်။ သွားလည်းပြတယ်။ မျက်စိလည်းပြတယ်။ မျက်စိလည်း မခွဲရဘူး။ ဆေးတွေတော့ပေးလိုက်တယ်။ အဲဒါပဲသောက် ဆိုပြီးတော့လေ ။ အဆင်အားလုံးပြေတယ်လေ။ အခုပြန်ပြီးတော့ ပို့တော့လည်း ကားကြီးနဲ့ ပြန်လိုက်လာတယ်။ အခုလိုပို့ပေးတာ အားလုံးအဆင်ပြေတယ်။ ဆေးရုံမှာ ခုနစ်နှစ်လောက်ကြာပါတယ်။ မျက်စိတစ်ဖက်ခွဲထားတာရှိတယ်။ ခုနစ်နှစ်လောက်ကြာသွားပြီပေါ့။ အဲဒါမျက်စိထဲမှာ ကပ်တတ်တတ်ဖြစ်လို့လာပြတာ ခွဲဖို့မလိုဘူးလေ ဆေးပဲပေးလိုက်တယ်။ အကုန်လုံး ကုသပေးတဲ့နေရာမှာလည်း နွေးထွေးမှုရှိတယ်။ အရမ်းကောင်းတယ်။ ထမင်းလည်း မနက်စာတို့ဘာတို့ ကျွေးတယ်။ အဲဒါမျိုးတွေလည်းရှိတယ်။ သဘောသားတွေအားလုံး အရာရှိ၊ အရာခံတွေအားလုံး ဒီမှာလာပြီးတော့ဝိုင်းဝန်းပြီး လုပ်ပေးတဲ့သူအားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း ကင်းဝေးပြီးကပ်ကြီးသုံးပါးလည်းကျော်လွှားနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ပေးပါတယ်" ဟု ပြောသည်။

"ကျွန်တော့်ရဲ့အမျိုးသမီးကို ဒီသံလွင်သင်္ဘောကြီးရောက်တဲ့အချိန်နဲ့တိုက်တိုက်ဆိုင်ဆိုင် မွေးဖွားခဲ့ရလို့ ကျွန်တော် အများကြီး ဝမ်းမြောက်ဝမ်းသာပါတယ်။ ကျွန်တော့်ရဲ့ သမီးဦးလည်းဖြစ်တဲ့အတွက်ကြောင့်မလို့ ကျွန်တော်အများကြီး ပီတိဖြစ်မိပါတယ်။ ကျွန်တော့်ရဲ့ အမျိုးသမီးဟာ ကျန်းကျန်းမာမာနဲ့ ကျွန်တော့်ရဲ့ သမီးလေးလည်း ကျန်းကျန်းမာမာနဲ့ မွေးဖွားပေးခဲ့တဲ့ ဆရာတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ တခြားနေရာတွေမှာ မြို့တက်ပြီးမွေးဖွားရမယ်ဆိုရင် ကျွန်တော်တို့ငွေရေးကြေးရေးအခက်အခဲလေးတွေရှိပါတယ်ခင်ဗျ။ သံလွင်သင်္ဘောကြီးနဲ့ ဒီဟိုင်းကြီးကျွန်းတပ်ဆေးရုံကဆရာတွေ၊ ဆရာမတွေအားလုံးရဲ့ပံ့ပိုးမှုတွေနဲ့ ကျွန်တော်တို့ အဆင်ပြေခဲ့ပါတယ်။ စားရေးသောက်ရေးတွေလည်း ဒီကကျွေးမွေးညှော်ခံပြီးတော့ ကျွန်တော်တို့နေစရိတ်တွေကအစ နေတာ စားတာကအစ အားလုံးထောက်ပံ့ပေးခဲ့ပါတယ်"ဟု ပြောသည်။

"ယောက်မကခွဲရပါတယ်။ ကျွန်မကိုကျတော့ မြို့မှာသွားပြီးတော့ စမ်းသပ်ပြီးတော့ မျက်မှန်တပ်လို့ပြောပါတယ်။ အုပ်ချုပ်ရေးမှူးက ကြေညာထားတဲ့အခါကျတော့ သမီးအဆင်ပြေတယ်တဲ့ သွားကုလို့ရတယ် ဆိုတဲ့အခါကျတော့ ကျွန်မလည်း ဒီကိုလာခဲ့တာပါ။ ကောင်းပါတယ်။ တအားကောင်းတာ။ စားတာသောက်တာ ကျွေးတာမွေးတာ အကုန်ကောင်းတယ်။ ဆက်ဆံမှုတွေပါ အကုန်ကောင်းတာ။ ကျေးဇူးတင်တာ တအားတင်တာ ကျွန်မပြောလိုတယ်။ ဗိုလ်ကြီးတို့လည်း ဆုတောင်းပေးတယ်။ ကျေးဇူးတင်တဲ့အကြောင်းလည်း ပြောခဲ့ပါတယ်။ ဆရာဝန်ကြီးတွေလည်း ကောင်းပါတယ်၊ ကုသပေးသူလည်း ကောင်းပါတယ်။ အားလုံးလည်း ကောင်းပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ဒီလိုပဲလာနိုင်ပါစေလို့ အမြဲတမ်းလည်းဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

(၁၀၀)

# နိုဝင်ဘာလ တတိယ (၁၀)ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင်ဆက်လက်တည်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ နိုဝင်ဘာလ တတိယ (၁၀)ရက်ပတ်အတွင်းအားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(မိုး/ဇလ)

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ နိုဝင်ဘာလ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## (၂၀-၁၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကျင်းပ





နေပြည်တော် နိုဝင်ဘာ ၂၀

(၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အထိမ်းအမှတ်ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် ကျင်းပခဲ့သည့် (၄၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များကိုကာကွယ်စောင့်ရှောက်မှုရရှိစေရန်နှင့်အခွင့်အရေးများကို ဖော်ထုတ်မြှင့်တင်ပေးရန်အတွက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ နိုဝင်ဘာလ ၂၀ ရက်ကိုလည်း ကုလသမဂ္ဂအဖွဲ့ကြီးက ကမ္ဘာ့ကလေးများနေ့ဟုဂုဏ်ပြုသတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့သည်မှာ ၃၆ နှစ်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကချမှတ်ထားသော ယခုနှစ်ကမ္ဘာ့ကလေးများနေ့ဆောင်ပုဒ်မှာ **"Listen to Children: my day, my rights" "နေ့စဉ်အခွင့်အရေးများမြှင့်တင်ရေး၊ ကလေးများအသံနားထောင်ပေး"** ဖြစ်ကြောင်း၊ ကလေးများအတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းများတွင် ကလေးများ၏ စိတ်ကူး၊ ဆန္ဒနှင့်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ကလေးသူငယ်တိုင်း၏ အနာဂတ်နှင့် ကောင်းမွန်လှပသည့် နေ့စဉ်ဘဝတွင် ကလေးအခွင့်အရေးများကို အပြည့်အဝရရှိခံစားရင်း လူကြီးဘဝကိုအေးချမ်းပျော်ရွှင်စွာရောက်ရှိလာအောင်လည်း ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုပြသပြီး ကလေးများက သရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# (ဒုတိယ)အကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို (ပထမ)အကြိမ်အဖြစ် ၂၁ ရက်ကြာကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် မဲစာရင်းများကို ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၄ - ၁၂ - ၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် (ဒုတိယ)အကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ ( ၃ ) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ ( ၄ ) ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ ( ၄ - ဂ ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ **(အခမဲ့)** ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်း (တတိယ) အကြိမ် ကပ်ထားကြေညာခြင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရန်အတွက် (ဒုတိယ)အကြိမ် မဲစာရင်းကပ်ထားကြေညာစဉ်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၃ ဧကစိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲလွမ်းဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲလွမ်း ၃၂၃၃ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ပဲလွမ်းဧက ၁၆၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးမှာပါ။ သီးနှံအထွက်နှုန်းတိုးတက်စေဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ ပဲလွမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီပေးလျက်ရှိသည်။

ပဲလွမ်းကို ပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ရှေ့နေရှေ့ရပ်များအတွက် AML/CFT ဆိုင်ရာ သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၀

ရှေ့နေရှေ့ရပ်များအတွက် AML/CFT ဆိုင်ရာသင်တန်းကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ Hotel Max ၌ ဖွင့်လှစ်သည်။

ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က အမှာစကားပြောကြားပြီး သင်တန်းတွင် AML/CFT နှင့်ရှေ့နေရှေ့ရပ်များ၏ကဏ္ဍ၊ မြန်မာနိုင်ငံ၏ ကဏ္ဍ၊ STR Red Flag Indicator Typologies နှင့် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုသတင်းပေးပို့ချက်(STR)၊ CDD/EDD၊ TF/TFS နှင့် PF/TFS၊ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဖော်ထုတ်ခြင်းများကိုပို့ချခဲ့ပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

သင်တန်းသို့ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရှမ်းပြည်နယ်တို့မှ ရှေ့နေ ၇၀ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ AML/CFTအမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈)နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ AML/CFT အမျိုးသားအဆင့်မဟာဗျူဟာဆိုင်ရာလုပ်ငန်းအစီအစဉ် (၂၀၂၅ ခုနှစ်) တို့အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာနှင့် အသိအမှတ်ပြုအနုပညာအောင်လက်မှတ်ရသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက်မှာ အခြေခံပညာအထက်တန်း Grade 12 သို့မဟုတ် ဒသမတန်း တက်ရောက်ခဲ့သူဖြစ်ရမည်။

ယခုအခါ မြန်မာနိုင်ငံရှိ အခြေခံပညာ(မူလတန်း၊ အလယ်တန်း)ဖြင့် ကျောင်းထွက်ထားသူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေရန် ဂီတပညာဌာနက စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယောနှင့်အဆိုဘာသာရပ်များကိုလည်းကောင်း၊ သဘင်ပညာဌာနက မြန်မာ့ရိုးရာရုပ်သေးပညာနှင့် မြန်မာ့ရိုးရာအကပညာကိုလည်းကောင်း၊ ပန်းချီပညာဌာနက အခြေခံပန်းချီပညာ၊ ခဲပန်းချီနှင့် ရေဆေးပန်းချီရေးဆွဲနည်းကိုလည်းကောင်း၊ ပန်းပုပညာဌာနက အခြေခံပန်းပုပညာ၊ မြန်မာ့ရိုးရာပန်းပုနှင့် ပန်းပုပုံဖော်နည်းပညာကိုလည်းကောင်းသင်ကြားပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံ၍ သတ်မှတ်ကာလပြီးမြောက်ပါက အသိအမှတ်ပြုအနုပညာအောင်လက်မှတ်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၄၂၁၀၁၂၈၀၈၊ ၀၉-၇၈၁၈၈၉၁၈၀၊ ၀၉-၂၅၀၀၈၈၂၆၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်လျှောက်ထားနိုင်ကြောင်းသိရသည်။

မြဝတီ

★ **စာမျက်နှာ ၁၅ မှအဆက်**

ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်ကကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲကို အပိုင်းလိုက် တစ်ဆက်တည်းကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမပြုလုပ်နိုင်သည့် မြို့နယ်များကိုလည်း ကျင်းပနိုင်သည့်အချိန်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ရွေးကောက်ပွဲကာလနီးကပ်လာသည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်လည်းအဓိကကျကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံရေးတည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲများ စနစ်တကျအောင်မြင်အောင်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများအနေဖြင့်လည်း တိုင်းပြည်၏ အလှည့်အပြောင်းဟုဆိုရမည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ကူညီပေးကြရန်နှင့် မိမိတို့နိုင်ငံသားအချင်းချင်းစည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို မြော်တွေးကြိုးပမ်းကြရန်လည်း တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့နှင့်အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ပြည်သူအားလုံး ဒီမိုကရေစီအလေ့အထကောင်းများရရှိအောင်၊ အသိဉာဏ်ပညာများပြည့်ဝအောင်၊ ခေတ်မီဗဟုသုတများဆည်းပူးနိုင်အောင် **“စာပေ”** ဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

စာပေသည် လူတို့၏စိတ်ဓာတ်ကို သိမ်မွေ့စေတတ်သကဲ့သို့ မေတ္တာတရားကိုလည်း ကြီးမားလေးနက်စေပါကြောင်း၊ ထို့အပြင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ကိုလည်း ပေးစွမ်းနိုင်ပါကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအတွက် ကြီးမားသည့်အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးသည့်စာပေများကို ဖန်တီးရေးသားကြသည့်စာပေပညာရှင်ကြီးများကို ယနေ့ စာဆိုတော်နေ့တွင် ဆုချီးမြှင့်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း သမိုင်းစဉ်ဆက် အခြေခိုင်ခဲ့သည့် မိမိတို့၏ မြန်မာစာပေပင်မကြီး လဲကျမသွားစေရေး စုပေါင်းအင်အားဖြင့် ဆက်လက်ပြုစုစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် တန်ဖိုးမဖြတ်နိုင်သည့် စာပေယဉ်ကျေးမှုများကို နောင်လာနောက်သားမျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေအဖြစ်ပေးအပ်နိုင်ကြပြီး ပြောင်းလဲဖွံ့ဖြိုးလာသည့် ခေတ်ကာလများနှင့်အတူ အလျဉ်မပြတ်စီးဆင်းနိုင်သည့် မြန်မာစာပေရေစီးကြောင်း တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ဆုချီးမြှင့်ခံကြရသည့် စာပေပညာရှင်ကြီးများ အသက်ရှည်ကျန်းမာကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပြီး အမျိုးဘာသာ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များကိုဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ ယခုကဲ့သို့ စာပေဆုများအောင်မြင်စွာချီးမြှင့်နိုင်အောင် မိမိတို့၏ကိုယ်ပိုင်အချိန်များကိုပေးပြီး အစည်းအဝေးများကိုကျင်းပပြုလုပ်ကာ စာပေစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောကခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၄ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင်ဆရာကြီးနှင့် ဆရာမကြီးများဖြစ်ကြသည့် ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ ဦးကိုကို(ကို-တက္ကသိုလ်)၊ ဒေါက်တာဒေါ်ပို (မလေးပို)၊ ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ ဒေါက်တာဒေါ်ခင်သန်းဦး(မမိုးမြေ)တို့ကို နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ချီးမြှင့်သည့် အထူးဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့အားပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက်ကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ညွှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဦးတင်အောင်စန်းနှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင်ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက “ဝထကလသ”တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်အတွက်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပျော်ဘွယ်မြို့နယ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ



ပျော်ဘွယ် နိုဝင်ဘာ ၂၀

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒနယ်ပြင်ပသို့သွားရောက်ကြမည့် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်များ၌ ပညာသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့တွင် ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများကြိုတင်ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၌ သတ်မှတ်နေရာများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နိုဝင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိသတ်မှတ်ထားပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားကြောင်းသိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

# အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U–17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာလ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုဝင်ဘာလ ၂၂ ရက် ညနေ ၄ နာရီတွင် မြန်မာ U–17 အမျိုးသားဘောလုံးအသင်းနှင့်အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံး ၃ ဘီးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ယနေ့တွင် Super Seven Stars Motors Industry Co., Ltd. နှင့် ယမန်နေ့က N.P.K Motors Co., Ltd. တို့မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KIA EV3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Fara Myanmar Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစားလျှပ်စစ်သုံးယာဉ်များနှင့် Gold Twin Tigers Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် SUKE, YL1500DZK–5 အမျိုးအစားလျှပ်စစ်သုံး ၃ ဘီးမော်တော်ဆိုင်ကယ်များနှင့် တရုတ်နိုင်ငံထုတ် MG, MG 4 (Mulan) အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



မြဝတီ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ပညာရေးတွင် အသိပညာ၊ အတတ်ပညာနှင့် အတန်းပညာမြင့်မားရေး အားလုံးအကျုံးဝင်ကြောင်း၊ ပညာရေး၏ အခြေခံအကျဆုံးသည်စာပေဖြစ်ပြီး စာပေကပင်ပညာကိုပေးစွမ်းခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း တိုးတက်သည့်နိုင်ငံတိုင်းကစာပေကိုအလေးထားပြီးစာကောင်းပေမွန်များ ရေးသားပြုစုသူစာပေပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုကြကြောင်း၊ ခေတ်မီအသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့် သုတစာပေများ၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုအစဉ်အလာများကို လေးစားမြတ်နိုးတန်ဖိုးထားစိတ်များထက်သန်လာအောင် လှုံ့ဆော်ပေးသည့် ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့်စာဆိုကြီးများ၏စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုလျက်ရှိ

**❖ သမိုင်းစဉ်ဆက်အခြေခိုင်ခဲ့သည့် မိမိတို့၏မြန်မာစာပေပင်မကြီး လဲကျမသွားစေရေး စုပေါင်းအင်အားဖြင့် ဆက်လက်ပြုစုစောင့်ရှောက်၊ တန်ဖိုးမဖြတ်နိုင်သည့်စာပေယဉ်ကျေးမှုများကို နောင်လာနောက်သားမျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေအဖြစ်ပေးအပ်နိုင်ကြပြီး ပြောင်းလဲဖွံ့ဖြိုးလာသည့် ခေတ်ကာလများနှင့်အတူ အလျဉ်မပြတ်စီးဆင်းနိုင်သည့် မြန်မာစာပေရေစီးကြောင်း တည်တံ့ခိုင်မြဲအောင်ဆက်လက်ကြိုးပမ်း . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူ ဆရာ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူ ဆရာယိမ်းနွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူ ဆရာရတနာစိုး(အမျိုးသားစာပေဆုရှင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်ပြည်သူကိုမျိုးချစ်စိတ်ရှင်သန်စေခဲ့သကဲ့သို့လွတ်လပ်ရေးရပြီးစနိုင်ငံတော်ကိုပြန်လည်ထူထောင်သည့်ကာလတွင်လည်း အသိအမြင်တိုးပွားစရာ သုတစာပေများ ခေတ်နှင့်အညီပေါ်ထွက်လာခဲ့ပါကြောင်း၊ အလုပ်သမားလယ်သမားအကျိုးပြု စာပေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအားပေးသည့်စာပေများထွက်ပေါ်ခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့်စာပေဗိမာန်ဆု၊ အနုပညာစာပေဆိုင်ရာဆု၊ အမျိုးသားစာပေဆု၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ချီးမြှင့်သည့် စာပေဆုများ၊ စာပေပြိုင်ပွဲများ၊ စာရေးဆရာအသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ စသည်များကလည်း စာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့်နောက်ခံများဖြစ်ခဲ့ကြကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများ၏ကောင်းကျိုးကို ရှေးရှုသည့်ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့်အစဉ်အလာကို ၁၉၄၈ ခုနှစ်ကစတင်ခဲ့ပြီး ယခုဆိုပါက နှစ်ပေါင်း ၇၀ ကျော် ရှိခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုနှင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းအမည်ဖြင့် စတင်တည်ထောင်ခဲ့သည့်စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများနှင့် စာအုပ်စာပေများကို ပြုစုထုတ်ဝေရေးလုပ်ငန်းနှင့်အတူ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်ကစပြီး **"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"**ကို ချီးမြှင့်ခဲ့ကြောင်း။

**"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"**ကို **"စာပေဗိမာန်ဆု"**၊ **"အနုပညာစာပေဆိုင်ရာဆု"**၊ **"အမျိုးသားစာပေဆု"** စသည်ဖြင့် ဆုအမည်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့်ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးအထိရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ လက်ရာကောင်းမွန်သည့်စာမူများကို စာအုပ်ဖြစ်စေရေး အားပေးသည့် ရည်ရွယ်ချက်ဖြင့် **"စာပေဗိမာန်စာမူဆု"** အဖြစ် ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အတွက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"** ကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခင်နှစ်အထိ စာပေပညာရှင်ကြီး (၄၈) ဦးကို အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စာပေပညာရှင်ကြီး ၅ ဦးအထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခံရသည့် ဆရာ၊ ဆရာမကြီးတို့အားလုံးသည်လည်း ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်တို့ပြည့်ဝကြပြီး လေးစားဂုဏ်ပြုသင့်ကြသည့် ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၅၉ အုပ်အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၄ မျိုးကိုရွေးချယ်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၄၇ စောင်အတွင်းမှ ဘာသာရပ် ၁၄ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပတော့မည် **စာမျက်နှာ ၁၄ သို့** ★

# တိုးတက်သည့်နိုင်ငံတိုင်းက စာပေကိုအလေးထားပြီး စာကောင်းပေမွန်များ ရေးသားပြုစုသူစာပေပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုကြ



★ ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်နှင့်စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ **“ဘဝအလင်းရောင် စာပေတန်ဆောင်”** ပြဇာတ်ဖြင့်ဖျော်ဖြေတင်ဆက်မှုနှင့် **“စာပေအလင်းအမှောင်ခွင်း မြန်မာစာပေအစ ကျေးဇူးတရားက”**မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း(၁)ရက်ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ပြီး အသိဉာဏ်ပညာနှင့် ဗဟုသုတအဖြာဖြာတိုးပွားရာ တိုးပွားကြောင်း ပေးစွမ်းသည့်စာအုပ်စာပေများကို ပြုစုရေးသားအားထုတ်ကြသည့် စာဆိုတော်ကြီးများကို ဂုဏ်ပြုချီးမြှင့်သည့် စာပေအခမ်းအနားများ၊ စာပေဟောပြောပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပလေ့ရှိကြကြောင်း။

နိုင်ငံနှင့်အများပြည်သူတို့၏ကောင်းကျိုးအဖြာဖြာကို ကလောင်စွမ်းအားဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်က စတင်ပြီး ကျင်းပလာကြသည်မှာ နှစ်ပေါင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်နှင့် စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင်ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်)အား နိုင်ငံတော်မှချီးမြှင့်သည့်ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ကချီးမြှင့်သည့် အထူးဂုဏ်ပြုလက်ဆောင်တို့ကိုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင်ဆရာမကြီး ဒေါက်တာဒေါ်ပို(မလေးပို)အား နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့ကချီးမြှင့်သည့် အထူးဂုဏ်ပြုလက်ဆောင်တို့ကိုပေးအပ်ချီးမြှင့်စဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

**❖ နိုင်ငံနှင့်အများပြည်သူတို့၏ကောင်းကျိုးအဖြာဖြာကို ကလောင်စွမ်းအားဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကိုလေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်ကစတင်ပြီး ကျင်းပလာကြသည်မှာ နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ် . . .**

**❖ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးကိုရှေးရှုသည့် ခေတ်မီအသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့်သုတစာပေများ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုအစဉ်အလာများကို လေးစားမြတ်နိုးတန်ဖိုးထားစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသည့်ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုလျက်ရှိ . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားအထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

၈၀ ကျော်ကြာခဲ့ပြီဖြစ်ကြောင်း။

**"အလိမ္မာ စာမှာရှိ"** ဆိုသည့်စကားအတိုင်း လူသားများအတွက် အသိပညာနှင့် အလိမ္မာပညာကို စာပေကပေးပါကြောင်း၊ စာပေကပေးသည့် အသိပညာနှင့်အလိမ္မာကိုအခြေခံပြီး လူ့ပတ်ဝန်းကျင်အဆောက်အအုံကြီး ကြီးထွားစည်ပင်လာခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် စာပေသည် အလေးအမြတ်ထားအပ်သည့် ဂုဏ်ကျေးဇူးရှိပြီး စာပေများကိုပြုစုကြသည့် စာဆိုတော်ကြီးများ၏ ကြီးမားလှသည့်ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသည့်အနေဖြင့် စာဆိုတော်နေ့အခမ်းအနားကို ကျင်းပပြုလုပ်ကာ ဂုဏ်ပြုပူဇော်ကြခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ပုဒ် ၃ ခု ချမှတ်ထားရာတွင် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဟူသည့်အချက်လည်းပါဝင်ကြောင်း၊ **စာမျက်နှာ ၁၅ သို့** ☆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူ ဆရာရဲမင်းစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူ ဆရာ ဒေါက်တာတင်ထွန်းဦးအား ဆုပေးအပ် ချီးမြှင့်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ceremony to present National Lifetime Awards for Literary Achievement, National Literary Awards, Sarpay Beikman Manuscript Awards for 2024 held; Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla grace the ceremony with their presence

NAY PYI TAW November 20

A ceremony to present National Lifetime Awards for Literary Achievement, National Literary Awards and Sarpay Beikman Manuscript Awards for 2024 was held at MICC-I here this morning, attended by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who presented prizes.

Also present were SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dway and wife, SSPC members and wives, union ministers and wives, union level dignitaries and wives, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, National Literary Award Selection Committee members, award winners, literary scholars, artists, literary enthusiasts and officials.

First, the Senior General and wife and attendees looked around the biographies, photos, award-winning works of the award winners for 2024, and books and periodicals.

At the ceremony, the Senior

See Page - 21●●



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing delivers an address at the ceremony to present National Lifetime Awards for Literary Achievements, National Literary Awards and Sarpay Beikman Manuscript Awards.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present a certificate of honour, cash rewards and a special gift to a winner of a National Lifetime Award for Literary Achievements.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present a certificate of honour, cash rewards and a special gift to a winner of a National Lifetime Award for Literary Achievements.

# Combined inspection teams comprising various squads continue operations against those involved in online fraud, online gambling and criminal activities in KK Park and Shwe Kokko areas




Demolition of an online scam and gambling building with the use of heavy machinery in KK Park.



Demolished buildings used for online scams and gambling in KK Park.

NAY PYI TAW November 20

Serving as the national duty, the Government of Myanmar is carrying out efforts to combat online fraud and online gambling activities that pose threat internationally and globally.

Most of the offenders who committed online frauds and gambling illegally entered Shwe Kokko and KK Park areas where fighting has been occurred after 2021, located in a far distance from Myawady, via neighbouring countries. These are the areas where ethnic armed organizations-EAOs, KNU, KNLA and some NCA signatory groups as well as so-called Border Guard Forces have been operating their businesses. Unscrupulous businesspersons contact these groups to commit online frauds and gambling. Hence, security forces performed the operations of controlling the areas and security measures in Myawady and surrounding areas, when the areas can store peace and stability, the operation of combatting online fraud and gambling was launched. Afterwards, security forces continuously wipe online fraud and gambling off in Shwe Kokko and KK Park areas.



Seizure of equipment used in online scams and gambling.

In this regard, those arrested for involvement in online fraud and online gambling schemes are being scrutinized as necessary, and are formally transferred to their respective countries. At the same time, to ensure that online fraud and online gambling activities cannot re-establish themselves in the area, and to prevent the recurrence of criminal operations, buildings constructed without permission in those locations are being completely demolished. These demolition operations are being carried out systematically, using machinery for organized destruction as well as advanced demolition technologies involving controlled blasting.

Up to 6 pm today, a total of 182 buildings out of 635 buildings

See Page - 20 ●●



Illegal foreigners who are still under investigation in Shwe Kokko.



Illegal foreigners who are still under investigation in Shwe Kokko.

●● From Page - 21

election are being carried out step by step. He added that the State is striving to ensure that all eligible voters can cast their ballots, and the election will be held in phases, with townships where the election cannot be held for various reasons being addressed and held whenpossible.

He concluded that as the election period approaches, national stability and peace are also crucial, and while the State Government strives for political stability and the systematic and successful holding of the elections, he urged the public to participate and assist as a national duty to ensure the successful holding of the elections, which he called a turning point for the country, and to strive for a better future by exercising unity and patience among fellow citizens.

In implementing the multi-party democracy system by placing emphasis on the interests of the country, cooperation of the people is very important for all-round development of the union, internal peace, sustainable socio-economic development of the people as well as the success of the multi-party democracy general election process. The people must be guided and trained through **literature** to enable them to have good practices of democracy, to be instilled with wisdom and to gain modern knowledge.

Literature can make mind subtle and deepen compassion. Furthermore, it can instill the people with patriotism, the love for the people and sense of responsibility. I would like to reiterate that I am glad to have the opportunity to present prizes to the literati who have created literary works that can bring about great benefits for the country and the race on the Sarsodaw Day today. I would like to urge all to continue to protect the Myanmar literary pillar, which has a strong foundation in its history, from falling apart through concerted efforts and to exert efforts to leave the precious literary and cultural legacy to future generations and to strengthen the consistently flowing Myanmar literary trend in line with the changing and evolving eras.

I would like to pray that the literati who won prizes will be healthy and live longer in physical and mental happiness and create literary works that will serve the interests of race and religion and enhance the image of the country.

I would also like to express thanks to the literati, literary award winners, members and chairmen of the National Literary Awards Scrutiny Committee and the Sarpay Beikman Manuscript Award Scrutiny Committee and scholar, who held various meetings by spending their private time, out of literary goodwill to be able to present prizes today. I would also like to request them to continue to offer help for prosperity of Myanmar literary world.

Then, the Senior General and his wife presented certificates of honour and cash rewards confered by the State and special honorary gifts confered by the Senior General and his wife to winners of National Lifetime Awards for Literary Achievements (2024) including U Than Nyunt, (Zin Min -Thamainhtaw), U Ko Ko (Ko-University), Dr Daw Po (Ma Lay Po), Daw Tin Yi (Tin Yi Ma-Nyaung-U), Dr Daw Khin Than Oo (Ma Moe Myay).

Then, the Senior General and his wife accepted the commemorative gift for the prize presentaion ceremony presented by Union Minister for Information U Maung Maung Ohn.

Afterward, Member of the commission U Nyo Saw, Member of the commission Executive Chief U Aung Lin Dway, members of the commission General Maung Maung Aye, U Than Swe, Lt-Gen Yar Pyae, Chief of General Staff (Army, Navy, Air) General Kyaw Swa Lin, union ministers U Tin Aung San and U Maung Maung Ohn presented awards to National Literary Award winner and Sarpay Beikan Manuscript Award winners.



Union Minister U Maung Maung Ohn presents a literary award to the winner.

Then, National Lifetime Literary Award Winner Sayagyi U Ko Ko (Ko-University) spoke words of thanks. Afterward, artists from the MRTV of the Ministry of Information entertained the attendees with "Wa-HtaKaLaTha" song.

Afterward, the Senior General and his wife and attendees posed for documentary photographs with literary award winners.

Then, the Senior General and his wife cordially greeted literary award winners, artist and the literati.

After the ceremony, the Senior General and his wife and party enjoyed the honorary luncheon with literary award winners, artists and the literati. **100**



Illegal foreigners who are still under investigation in Shwe Kokko.



Online scam and gambling buildings being blown up in KK Park.

●● From Page - 19

used in the online fraud and gambling were demolished in Myawady-Maehtawthalay (KK Park) Area, and the demolition operation is being conducted for remaining 453 buildings.

Another operation has been conducted to take security measures in Shwe Kokko Area since 18 November. Till 6 pm today, the third-day operation was conducted and industrial materials used in online fraud and gambling were seized from six buildings constructed without permission till 6 pm. In the operation conducted in Shwe Kokko Area, the security forces arrested three Vietnamese, 23 Kenyans, 85 Ethiopians, one Namibian, 168 Indonesians, 15 Ugandans, 10 Nepalis, 43 Indians, one Zimbabwean, 13 Filipinos, 21 Pakistanis, four Bangladeshis, three Sierra Leone citizens, one Liberian, seven Nigerians, one Egyptian, one Sri Lankan, two Kazakhstanis, three Uzbekistanis, totalling 405, who attempted to flee away, at the junctions of the area. Hence, the security forces impounded 1,016 foreign nationals who illegally entered Myanmar along with 2,653 computers, 21,750 mobile phones and other industrial materials used in the online frauds and gambling in Shwe Kokko Area.

Those 1,016 foreign nationals are detained at a building in Lonhtinwun, Shwe Kokko Myaing Village, Pulwepu Village-tract of Myawady Township. The Illegal Foreigner Investigation Team has examined 600 of them so far. To enable their prompt repatriation to their respective countries, the relevant departmental combined teams are carrying out the necessary processes, including collecting personal data and recording required documentation.

The Government of Myanmar, treating the suppression of online fraud and online gambling offences as a national responsibility, will continue efforts to eliminate these activities entirely within the country. These efforts will be carried out not only through domestic mechanisms but also in coordination with neighbouring governments so that these online fraud and gambling groups cannot base in Myanmar.

**100**

●● From Page - 18

General and attendees enjoyed the play entitled **"Literature, the light of life"** staged by artists of Fine Arts Department, Ministry of Religious Affairs and Culture, and a video clip **"Break the darkness with the light of literature; appreciation of Myanmar literature from its beginning."**

In his address, the Senior General said Myanmar designated the first waxing of Nataw as the annual Sarsodaw Day, on which ceremonies and talks on literature are held in honour of the literati who compiled books that could provide intellectual and general knowledge and wisdom on a grand scale.

In honour of the virtues of men and women of letters, who strive to ensure benefits for the nation and people, the country has been observing the Sarsodaw Day as a Myanmar tradition for over 80 years since 1944.

As the saying goes, **"Literature holds wisdom"** literature gives knowledge and wisdom that serve as the foundation for the progress and prosperity of human society. Hence, literature is praise worthy and in recognition and honour of the persons who create it, the Sarsodaw Day is held to pay respects to them.

The State Security and Peace Commission has adopted three slogans for national development, and they include the slogan **"Let us ensure the education sector for the development of the Nation."** Education encompasses intellectual knowledge, technological knowledge and school education.

He stated that for this reason, every developed country prioritizes literature and honors the literary scholars who write and compile excellent works. He noted that just as literature instilled patriotism in the public during the struggle for independence, informational and nonfiction literature (Thuta literature) also emerged, relevant to the era, during the period of national reconstruction following independence. He mentioned the emergence of literature beneficial to workers and farmers, and literature promoting ethnic solidarity, adding that the Sarpay Beikman Award, the Arts and Literature Awards, and the National Literary Award presented by the State Government, as well as literary awards and competitions sponsored by private organizations, along with associations for writers and the Myanmar Literary Workers' Association, have all served as backgrounds supporting the development of literature.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspects the exhibition at the ceremony to present National Lifetime Awards for Literary Achievements, National Literary Awards and Sarpay Beikman Manuscript Awards literary.



SSPC member U Than Swe presents a literary award to the winner.

He stated that the State Government, prioritizing the welfare of the nation and the people, selects outstanding literary works—including informational non-fiction (Thuta literature) that disseminates modern knowledge and skills, and imaginative fiction (Yatha literature) that inspires respect for and appreciation of the nation's culture and traditions—from distinguished writers and annually honors them with the National Literary Award on Sarsodaw Day. He noted that this excellent tradition began in 1948 and has been upheld for over 70 years.

He also stated that the Sarpay Beikman, which was founded in August 1947 under the guidance of the nation's independence leader, General Aung San, with the name Myanmar Translation Society, began the work of compiling and publishing translated and other literary books to increase the international knowledge of the ethnic people, and also instituted the **"Sarpay Beikman Modern Novel Award"** in 1948 to promote Myanmar literature.

He noted that the name of the award was changed multiple times—from the **"Sarpay Beikman Modern Novel Award"** to the **"Sarpay Beikman Award,"** the **"Arts and Literature Awards,"** and the **"National Literary Award"**, with the award categories and prize money being increased, resulting in 19 award categories for the 2024 National Literary Award.

He then stated that with the aim of encouraging the publication of excellent manuscripts by writers that have not yet been printed for various reasons, the **"Sarpay Beikman Manuscript Award"** was established, and for this year, awards will be given to selected manuscripts across 14 categories.

Furthermore, he noted that the State has been recognizing the outstanding lifetime literary contributions made for the benefit of Myanmar literature in the Republic of the Union of Myanmar by annually presenting the **"National Literary Award for Lifetime Achievement"** since 2001, and that a total of 48 distinguished literary scholars had received it as of last year.

He stated that in presenting the National Literary Award for Lifetime Achievement, they have progressively increased the number of recipients each year as a mark of respect for the distinguished literary scholars, and that this year, the award will be conferred upon up to five scholars. He affirmed that all the honored teachers and scholars are individuals who fully possess merit in both knowledge and literature and deserve respect and honor. He wished to express his immense pride and joy that the State has been able to worthily honor all these great literary scholars as recipients of the National Literary Award for Lifetime Achievement.

He also stated that out of the 959 books first printed and published for 2024, selections were made in 14 out of the 19 categories designated for the National Literary Award, and for the Sarpay Beikman Manuscript Award, a total of 30 deserving manuscripts were selected from 247 entries across 14 categories, and that the awards would be presented at today's ceremony.



Union Minister U Tin Aung San presents a literary award to the winner.

He stated that the nation's multi-party democracy general election will commence on December 28, 2025, and everyone is aware that preparations for holding a free and fair

See Page - 20●●




### ပျောက်ဆုံးကြောင်း
သူရိန်ဝင်း(ဘ)ဦးတင်ထွန်း ၉/လဝန(နိုင်)၂၇၄၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ပိုပိုအောင်(ဘ)ဦးမာကြူးရှင်း(ခ)ဦးလှအောင် ၁၃/တကန(နိုင်)၀၀၃၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### မွေးသက္ကရာဇ်အမှန်
အဘ ဦးဖေသွင်၏သား ဦးကျော်သွင် ၁၂/သဃက(နိုင်)၁၃၅၁၈၂ ၏မွေးသက္ကရာဇ်အမှန်မှာ (၂၄-၅-၁၉၇၁)ဖြစ်ပါကြောင်း။
(၂၄-၅-၁၉၇၁)

### ပျောက်ဆုံးကြောင်း
ဟန်ပြည့်ဇော်(ဘ)ဦးဇော်ထွဋ် ၇/တကန(နိုင်)၁၂၃၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဆန်းထွန်းဝင်း(ဘ)ဦးငွေဝင်း ၇/ပခန(နိုင်)၃၇၂၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### အမည်ပြောင်း
ပဲခူးမြို့၊ အ.လ.က(ခွဲ)အဝိုင်းကျောင်း၊ KG တန်းတွင် ပညာသင်ကြားနေသော အဘဦးတင်မြတ်ထွန်း၏သမီး မအေးပရယ်မိုးအား မပေရယ်မိုးဟု ပြောင်းလဲခေါ်ပါရန်။
မပေရယ်မိုး

### ပျောက်ဆုံးကြောင်း
ရူပါကျော်(ဘ)ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၉၃၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၅၅၀၅၀

### ပျောက်ဆုံးကြောင်း
ကျော်ဇင်မင်းထက်(ဘ)ဦးမြင့်နိုင် ၉/ကပတ(နိုင်)၃၃၅၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 192928)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၆၆၂၈၈

### ပျောက်ဆုံးကြောင်း
ဒေါ်နိုဘီ(ဘ)ဦးနိုဒင်၁၀/မလမ(နိုင်)၂၇၁၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မနှင်းဆီ(ဘ)ဦးဇော်မျိုး ၁၀/ဘလန(နိုင်)၁၆၄၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
လီဒီယာဗန်ရှာန်းကိမ်း(ဘ)ဦးလျှင်မင်း ၅/ကလထ(နိုင်)၁၈၈၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဟိန်းလင်းဇော်(ဘ)ဦးအေးနိုင် ၁၂/ဒဂဆ(နိုင်)၀၃၀၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၅၆၃၃၈

### အမည်ပြောင်း
အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရေနီမြို့၊ ရေတာရှည်မြို့နယ်တွင် ပညာသင်ကြားနေသော Grade-1 မှ ဦးဇော်လင်းအောင်-ဒေါ်စုစုဝင်းတို့၏သမီးဖြစ်သူ မမေမြင့်မိုရ်သော်အား မမေသံသာဖြိုးဟု ပြောင်းလဲခေါ်ပေးပါရန်။
မမေသံသာဖြိုး

### ပျောက်ဆုံးကြောင်း
မောင်ကေစပ်(ဘ)ဦးဒိဗာနန်ဒါ ၉/မကန(နိုင်)၁၅၈၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 840116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၃၀၃၈၉

### ပျောက်ဆုံးကြောင်း
မင်းညို(ဘ)ဦးတင်ငွေ ၅/ခဥတ(နိုင်)၀၆၅၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၀၃၅၉၆၉

### ပျောက်ဆုံးကြောင်း
လှလှသိန်း(ဘ)ဦးပြုံးချို ၁၄/ဖပန(နိုင်)၂၄၄၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နန္ဒာလှိုင်(ဘ)ဦးငွေဝင်း ၁၄/ကလန(နိုင်)၁၀၅၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၃၄၇၂၂၀

### ပျောက်ဆုံးကြောင်း
မင်းသူ(ဘ)ဦးအောင်မောင်း ၈/မမန(နိုင်)၁၉၈၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဥမ္မာ(ဘ)ဦးသိန်းပိုင် ၈/နမန(နိုင်)၂၂၂၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၀၃၅၉၆၉

### ပျောက်ဆုံးကြောင်း
သော်ညီညီထွန်း(ဘ)ဦးသိန်းအောင် ၁၂/တမန(နိုင်)၁၁၂၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 400628)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နန့်အိမြတ်နိုး(ဘ)မန်းရွှေဘ ၁၄/ကပန(နိုင်)၂၈၁၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 406607)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ဧပရယ် ယုကိုကို(ဘ)ဦးစောစန်းယု ၇/ကတခ(နိုင်)၁၇၅၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
သင်းသင်းလွင်(ဘ)ဦးသာဒွန်း ၅/စကန(နိုင်)၀၃၆၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၄၄၀၁၄၆

### ပျောက်ဆုံးကြောင်း
စုစုနန္ဒာအေး(ဘ)ဦးအေးလွင် ၁၂/ဥကမ(နိုင်)၁၈၈၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ကျော်သူရ(ဘ)ဦးမောင်မြင့် ၁၂/သလန(နိုင်)၀၉၉၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
တင်ဇာထွန်း(ဘ)ဦးထွန်းထွန်း ၁၂/ရပသ(နိုင်)၀၆၈၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 231184)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရွှေနွယ်ဝင်း(ဘ)ဦးမြသွေး ၉/တသန(နိုင်)၁၇၆၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၄၇၆၆၅၂

### ပျောက်ဆုံးကြောင်း
ရဲကိုကို(ဘ)ဦးရွှေမိုး ၉/ပဘန(နိုင်)၁၉၁၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၅၄၇၄၉၄

### ပျောက်ဆုံးကြောင်း
သီသီဇော်(ဘ)ဦးသိန်းဇော် ၈/ခမန(နိုင်)၁၂၆၆၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၄၈၁၃၁၂

### ပျောက်ဆုံးကြောင်း
စုမွန်ထွေး(ဘ)ဦးဝေလွင် ၁၂/မဂဒ(နိုင်)၁၄၂၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၉၈၉၈၃၁

### ပျောက်ဆုံးကြောင်း
ချောစု(ဘ)ဦးဟံကြွေ ၁၄/ရကန(နိုင်)၁၃၀၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၁၃၃၃၂၆

### ပျောက်ဆုံးကြောင်း
တင်သိန်း(ဘ)ဦးတောင် ၁၂/ဥကတ(နိုင်)၀၆၈၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၆၇၅၂၃

### ပျောက်ဆုံးကြောင်း
ဇင်မာသိမ့်(ဘ)ဦးကျော်သန့်ဇင် ၁၂/သဃက(နိုင်)၀၀၃၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၅၇၀၉၇၆

### ပျောက်ဆုံးကြောင်း
စိုးငွေ(ဘ)ဦးအဗ္ဗဒူမာလစ် ၁၂/ဥကတ(နိုင်)၁၃၁၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၄၆၁၅၂

### ပျောက်ဆုံးကြောင်း
ခိုင်ငြိမ်းစု(ဘ)ဦးခင်မောင်ချို ၁၂/ဗဟန(နိုင်)၀၉၇၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၀၆၈၈၀

### ပျောက်ဆုံးကြောင်း
ယဉ်မိုးလှိုင်(ဘ)ဦးညွန့်အောင် ၁၂/လမန(နိုင်)၀၀၈၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၃၅၉၂၈၈

### ပျောက်ဆုံးကြောင်း
ရှိန်းထက်ဦး(ဘ)ဦးသိန်းမြင့် ၇/ဝမန(နိုင်)၁၉၇၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၀၆၄၀၂၇

### ပျောက်ဆုံးကြောင်း
နိုင်ထွန်းလင်း(ဘ)ဦးကျင်သိန်း(ခ)ရောင်ခွန် ၁၂/ဥကမ(နိုင်)၁၅၅၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဖြူဖြူချစ်(ဘ)ဦးသက်ဝေ ၁၀/ပမန(နိုင်)၁၃၅၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၄၇၅၅၅၈၃၈

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
နိုင်လင်းအောင်(ဘ)ဦးအောင်သင်း ၁၄/ဘကလ(နိုင်)၃၆၄၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၉၆၆၂၄၀၂

### ပျောက်ဆုံးကြောင်း
ဝိုင်းဝိုင်းကြည်(ဘ)မောင်ခင်ပု ၁၁/ကဖန(နိုင်)၀၆၃၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၁၄၄၆၇

### ပျောက်ဆုံးကြောင်း
အိအိမွန်(ဘ)ဦးခင်မောင်သန်း ၇/ရတန(နိုင်)၁၀၆၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**မိုးသောက်ပန်း ဂျာနယ်**

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကြယ်ကြယ်၊ ကာတွန်းစောဟန်နှင့် ကာတွန်းနေခြည်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မန်းတင့်မော်၊ မင်းနီနိုင်(မောင်တော)၊ ကန့်ဘလူခင်မောင်ဆွေ၊ မောင်ငြိမ်းရည်(မင်းကင်း)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။


ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၈-၁၁-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၄၄)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦



သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




**တေဇ ရုပ်စုံ**

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# အာဆီယံနှင့်ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် တက်ရောက်ဆွေးနွေး





နေပြည်တော် နိုဝင်ဘာ ၂၀

အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယို ကွန်ဖရင့်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ အာဆီယံနှင့်ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများ (Comprehensive and Progressive Agreement for Trans–Pacific Partnership – CPTPP)မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Hon Liew Chin Tong နှင့် ဩစတြေးလျနိုင်ငံ ကုန်သွယ်မှုနှင့် ခရီးသွားလာရေးဝန်ကြီး အထူးပြည်နယ်ဝန်ကြီး Senator the Hon Don Farrell တို့က ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်နှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အာဆီယံနှင့်ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များနှင့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုမြှင့်တင်ရေး၊ ဒစ်ဂျစ်တယ်ကုန်သွယ်မှု၊ အကောက်ခွန်မဟုတ်သည့် အစီအမံများအပါအဝင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့် ထုတ်လုပ်မှုကွင်းဆက်များကြံ့ကြံ့ခံနိုင်ရေး စသည့်နယ်ပယ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်နိုင်မည့်နယ်ပယ်များရှာဖွေနိုင်ရေးအတွက် ဒုတိယအကြိမ်ဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ်တွင် ကျင်းပနိုင်ရေးတာဝန်ပေးအပ်ခြင်းနှင့် အာဆီယံနှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့်ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစေရေးသည် နှစ်ဖက်စလုံး၏ အကျိုးစီးပွားအတွက် အရေးပါကြောင်း၊ လက်တွေ့ကျသောရလဒ်များ ရရှိစေရန်အတွက် ဘက်ပေါင်းစုံကုန်သွယ်ရေးစနစ်ကို ခိုင်မာစေရေး၊ ဒစ်ဂျစ်တယ်ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးကွင်းဆက်ခံနိုင်ရည်ရှိရေးကဲ့သို့သော အဓိကနယ်ပယ်များတွင်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲကို အာဆီယံနှင့်ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်နည်းလမ်းများရှာဖွေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ်ဝင်နိုင်ငံများတွင် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူ၊ ဗီယက်နမ်၊ ယူကေ စသည့်အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်ကြောင်း သိရသည်။ **မြဝတီ**

# ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက်ဘဏ္ဍာငွေ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန၏ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းနှင့် နှစ်အလိုက်ဘဏ္ဍာငွေပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲရလဒ်များကိုအခြေခံ၍ ဦးစီးဌာနအလိုက် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းပြုစုခြင်း၊ နှစ်အလိုက်စွမ်းဆောင်ရည် ပြန်လည်သုံးသပ်မှုအစီရင်ခံစာပြုစုခြင်း၊ ဦးစီးဌာနအလိုက် လေ့လာဆန်းစစ်အကဲဖြတ်မှုအစီအစဉ်များရေးဆွဲခြင်းနှင့်အစီရင်ခံတင်ပြခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

ယခင်နှစ် အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ ဦးစီးဌာနများအနေဖြင့် အကောင်အထည်မဖော်ရသေးသည့် လုပ်ငန်းအစီအစဉ်များ၊ အကောင်အထည်ဖော်နိုင်ခြင်းမရှိသည့်လုပ်ငန်းအစီအစဉ်များ ကျန်ရှိနေသည်ကိုတွေ့ရကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ်များကို အမှန်တကယ်အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မည်ဆိုပါက ကျန်ရှိနေသောလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဦးစီးဌာနများ၊ ဝန်ကြီးရုံးဌာနခွဲများနှင့် Naypyitaw State Academy အနေဖြင့် မိမိတို့သက်ဆိုင်ရာ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်မှု ပိုမိုတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းက အလုပ်ရုံဆွေးနွေးပွဲရည်ရွယ်ချက်နှင့် အဓိကရလဒ်များကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးရုံး၊ ဦးစီးဌာနများ၊ Naypyitaw State Academy တို့မှ တက်ရောက်လာသူများက ဦးစီးဌာနအလိုက် "စွမ်းဆောင်ရည်သုံးသပ်ခြင်းနှင့်ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ အကောင်အထည်ဖော်မှု" များကို အုပ်စုဖွဲ့ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သို့ဖြစ်၍ ကျွန်ုပ်သည် သံသရာမှလွတ်မြောက်ရေးကိစ္စကို ခေတ္တခေါက်ထားပြီး မည်သူ၏အစွမ်းကြောင့်ဖြစ်စေ၊ ကမ္ဘာစစ်ဖြစ်ဖို့တော့ ဝေးသွားပြီဟု စိတ်ချရသောအချိန်သို့ မရောက်မချင်း ကျွန်ုပ်၌ ရှိသမျှသော အသိဉာဏ်နှင့်ဝီရိယကို ကမ္ဘာ့ငြိမ်းချမ်းရေးအလုပ်တစ်ခုတည်း၌ အားသွန်ခွန်စိုက်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချလိုက်ပြီးပါပြီ။ သို့ရာတွင် ကျွန်ုပ်ဆောင်ရွက်ပုံ ဆောင်ရွက်နည်းမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအမည်ဖြင့် တခြားပုဂ္ဂိုလ်များဆောင်ရွက်ပုံနှင့် တူကောင်းမှ တူကြပေလိမ့်မည်။ ကျွန်ုပ်၏လမ်းစဉ်အရမှာ ဤလူမျိုး ထိုလူမျိုး ဤစနစ် ထိုစနစ်သည်ရန်လုပ်ဖွယ်ရာမဟုတ်။ ဣဿာနှင့် မစ္ဆရိယတည်းဟူသော သဘာဝတို့သည်သာလျှင် လူသတ္တဝါကို ညှဉ်းပန်းနှိပ်စက်လျက်ရှိသည်ဟု သဘောပေါက်နားလည်ပြီး လျော့ပါးအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

### နားမလည်နိုင်သော လူတစ်ယောက်တဲ့

များစွာသောလူတို့သည် ကျွန်ုပ်ကိုနားမလည်ကြ။ တချို့ကမူ (ကိုသိန်းဖေလည်းပါသည်) နားလည်ဖို့ခက်သော လူတစ်ယောက်ဟူ၍ ဖွင့်ပြောကြသည်။ အမှန်မှာ တခြားလူများပင်မဆိုထားဘိ။ ကျွန်ုပ်ကိုယ်ကိုယ်ကျွန်ုပ်ပင် နားမလည်သောအချက်များရှိပါသည်ဟု ဖွင့်ပြောရလျှင် အံ့သြကြမည်ဖြစ်သောကြောင့် ရှင်းလင်းဖော်ပြလိုက်ရပါဦးမည်။ နားမလည်သည်ဆိုသောလူများက တရားအားထုတ်ပြီး သင်္ကန်းလည်း (ဒုလ္လဘမဟုတ်) ဝတ်ဖူးသည်။ သုရာမေရယသည် ငရဲမကြီးဟုလည်း ရေးသည်။ ကားလ်မာ့က်စ်ကိုလည်း လက်ခံသည်။ ဗုဒ္ဓဘာသာကို ကောင်းကောင်းကြီးနားလည်သည်ဟုလည်း (သူ့ဘာသာသူ) ထင်ဝံ့သည်။ တရားဘက်၌လည်း ဝါသနာပါသည်။ ပျော်ပျော်လည်းနေချင်တတ်သည်။ တိုးတက်သောအယူအဆရှိသည်ဟုလည်းပြောသည်။ လူကြီးမိဘဆရာသမားကို ရိုသေကိုင်းရှိုင်းသင့်သည်ဟုလည်း ရေးသည်။ လောကုတ္တရာကျမ်းများလည်းရေးသည်။ ဘိုင်စကုတ်လည်း ကြည့်တတ်သည်။ ခဏခဏလည်း တရားအားထုတ်သည်။ အစားကောင်းလည်း ကြိုက်တတ်သည် စသည်များဖြင့် ဝေဖန်တတ်ကြလေသည်။ ဤအခြင်းအရာများမှာ ကျွန်ုပ်၏မှတ်တမ်းကို ရေလည်စွာဖတ်ရှုသူတို့ နားလည်လောက်သည်ထင်သဖြင့် ရှင်းလင်းရန်အကြံမရှိဘဲ ကျွန်ုပ်ကိုယ်ကိုယ်ကျွန်ုပ် နားမလည်သောအချက်အလက်များကိုသာ ဖော်ပြပါတော့မည်။

တရားအားထုတ်ပြီး၍ သင်္ကန်းဝတ်ခဲ့စဉ်က ကျွန်ုပ်သည် နေပူကြီးကျဲကျဲတွင် ဖခင်နှင့်လမ်းလျှောက်သွားရာ လူသူမရှိသော တောခရီး၌ပင် သင်္ကန်းကို ဦးခေါင်းပေါ်သို့တင်ခြင်းအားဖြင့် နေပူရှိန်မှ အကာအကွယ်မယူခဲ့ခြင်းအကြောင်းကို ဖော်ပြခဲ့ဖူးသည်။ သင်္ကန်းကို ဦးခေါင်းပေါ်၌ မတင်ရဟူ၍ ဝိနည်းပညတ်တော်၌ ပါသည်၊ မပါသည်ကို ကျွန်ုပ်မသိပါ။ ဗုဒ္ဓက ရဟန်းများသည် ပါသာဒိကဂုဏ်နှင့် ပြည့်စုံစေရမည် (လူများကြည်ညိုဖွယ်အသွင်ရှိစေရမည်။)ဟု ဆုံးမတော်မူရာ သင်္ကန်းကို ခေါင်းပေါ်တင်ခြင်းသည် ထိုဂုဏ်ပျက်သည်ဟု ကျွန်ုပ်ယူဆသောကြောင့် နေပူခံပြီး လျှောက်သည်အထိ စောင့်ထိန်းပါသည်။ လူဝတ်နှင့်မူကား ကျွန်ုပ်သည် သူတစ်ပါးအား ထိပါးနစ်နာစေသော အပြုအမူမျိုးလောက်

> "ကျွန်ုပ်သည် တခြားလူများ၏ လေးစားခြင်းကို မနှစ်သက်သည်မဟုတ်၊ နှစ်သက်တတ်ပါ၏။ မလေးမစားပြုသည်ထင်လျှင် မခံချင်သောစိတ်ပင် ဖြစ်ပေါ်တတ်ပါ၏။ သို့ရာတွင် တခြားလူများက အလွန်အမင်းရိုသေလေးစားခြင်းမျိုးနှင့်ကြုံရသည့်အခါ အနေရခက်သလိုဖြစ်တတ်ပါသည်။ ကျွန်ုပ်တွေ့ရဖူးသည့် ပုဂ္ဂိုလ်အမြောက်အမြားတို့မှာ (ရဟန်းရောလူပါ) သူတစ်ပါးတို့က ရိုသေကိုင်းရှိုင်းလေလေ နှစ်သက်သဘောကျလေလေ ရှိကြခြင်းကိုသာတွေ့ရ၏ ..."

ကိုသာရှောင်ကြဉ်၍ တခြားကိစ္စများ၌မူ ထင်ချင်ရာထင်ကြစမ်းပါစေဟု သဘောထားတတ်သည်။ ရဟန်းတို့ထက် ကျပ်တည်းစွာ ထိန်းသိမ်းခဲ့ဖူးသည့် ကျွန်ုပ်သည် လူ့ဘဝ၌ လူအများစုလောက်မှ ထိန်းသိမ်းမှုကို ဂရုမစိုက်ခြင်းမှာ ကျွန်ုပ်အဖို့ ထူးဆန်းခြင်းတစ်ရပ်ဖြစ်၏။ သိက္ခာပုဒ်တော်များကို အထူးရိုသေလေးစားသည့် နိုင်ငံကျော် ဆရာတော်ကြီးတစ်ပါးသည် ကျွန်ုပ်၏စာပေအရေးအသားကို သဘောကျတော်မူသည်နှင့် "ဒကာကြီး ရဟန်းဘောင်မရောက်ရတာ နစ်နာတယ်ဗျ။ သာသနာဘက်မှာ အရေးအသားနဲ့ပတ်သက်လို့ အားကိုးလောက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ရမှာ"ဟု မိန့်တော်မူဖူး၏။ ကျွန်ုပ်ကမူ အရေးအသားအတွက်မပြောတတ်။ ဝိနည်းသိက္ခာပုဒ်တော်များကို ရိုသေစောင့်ထိန်းသည့်အရာမှာဖြင့် နာမည်တစ်လုံးရလိမ့်မည်ထင်ပါသည်ဟု ဖွင့်၍မလျှောက်သော်လည်း စိတ်ထဲ၌ အောက်မေ့ခဲ့မိပါသည်။ ရဟန်းအဖြစ်၌ လူရိုသေအောင်ကြိုးစားချင်ပါလျက် လူအဖြစ်၌ ဂရုမစိုက်ချင်သောကျွန်ုပ်၏ ဝါသနာကို နားမလည်နိုင်အောင်ရှိပါတော့သည်။

ကျွန်ုပ်သည် တခြားလူများ၏ လေးစားခြင်းကို မနှစ်သက်သည်မဟုတ်၊ နှစ်သက်တတ်ပါ၏။ မလေးမစားပြုသည်ထင်လျှင် မခံချင်သောစိတ်ပင်ဖြစ်ပေါ်တတ်ပါ၏။ သို့ရာတွင် တခြားလူများက အလွန်အမင်းရိုသေလေးစားခြင်းမျိုးနှင့် ကြုံရသည့်အခါ အနေရခက်သလို ဖြစ်တတ်ပါသည်။ ကျွန်ုပ်တွေ့ရဖူးသည့် ပုဂ္ဂိုလ်အမြောက်အမြားတို့မှာ (ရဟန်းရောလူပါ) သူတစ်ပါးတို့က ရိုသေကိုင်းရှိုင်းလေလေ နှစ်သက်သဘောကျလေလေ ရှိကြခြင်းကိုသာတွေ့ရ၏။ ကျွန်ုပ်မူကား ကျွန်ုပ်အား ရိုသေလွန်းလျှင် မနေတတ်သလိုဖြစ်တတ်ပါသည်။ ဥပမာ တချို့လူများသည် ကျွန်ုပ်၏ လောကုတ္တရာရေးရာစာပေများကြောင့် ကျွန်ုပ်ကိုပင့်ဖိတ်၍ ဘုန်းကြီးရဟန်းသဖွယ် နေရာထိုင်ခင်းပြင်ဆင်ကာ အရိုအသေပြုတတ်ကြပေရာ ကျွန်ုပ်သည် သူတို့ပြင်ထားသည့် နေရာတွင် ထိုင်ရခြင်း၌ လုံးဝပျော်ပိုက်ခြင်းမရှိသည့်အပြင် ထိုအရပ်သို့ နောက်တစ်ကြိမ်ပင့်ဖိတ်လျှင်လည်း မသွားတော့ပါ။ တချို့အမျိုးသမီးများသည် ၎င်းတို့ အလွန်ကြည်ညိုလှပါသည်ဆိုသည့် ရဟန်း၏ရှေ့၌ ဆံပင်ကို ဖြန့်ခင်းခြင်း၊ ခြေထောက်ကို ဆံပင်နှင့်ပွတ်ခြင်း စသည်ဖြင့် ပြုလုပ်တတ်ကြလေရာ ကျွန်ုပ်သာ ရဟန်းဖြစ်၍ ထိုကဲ့သို့ ပြုခြင်းခံရမည်ဆိုလျှင် နောက်နောင်တွင် လူတွေ့မခံတော့ဘဲ တစ်ခါတည်း တိမ်းရှောင်ထွက်ပြေးလိမ့်မည်ဟု ထင်မိပါသည်။ ကောင်းသောအခြင်းအရာကို ကြိုက်တတ်သော်လည်း ကောင်းလွန်းလျှင် ရွံ့သလိုဖြစ်တတ်ခြင်းမှာ ကျွန်ုပ်၏ ထူးဆန်းမှုတစ်ခုဟူ၍ ထင်မိပါသည်။

ဝတ်ဖြူစင်ကြယ်နှင့် စိပ်ပုတီးအမြဲဆောင်ကာ ဥပုသ်ရက်ရှည် ခဏခဏစောင့်လေ့ရှိသော ပုဂ္ဂိုလ်မျိုးကို လူအများတို့ ကြည်ညိုတတ်ကြ၏။ ကျွန်ုပ်မူကား ထိုပုဂ္ဂိုလ်မျိုးထက် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ပို၍ကြည်ညိုသည်။ ကျွန်ုပ်သိရသလောက်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် သီလစင်ကြယ်မှုနှင့်ပတ်သက်၍ မှဲ့စွန်းတစ်ပေါက်မျှ ငြိစွန်းခြင်းမရှိသော ပုဂ္ဂိုလ်ကြီးဖြစ်သည်ဟု ယုံကြည်၏။ သို့နှင့်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ကျွန်ုပ်သဘောအကျဆုံးသော ပုဂ္ဂိုလ်မျိုးမဟုတ်သေးချေ။ လူအများတို့၏ထုံးစံမှာ အပြစ်အနာအဆာကင်းရှင်းလေလေ ကြည်ညိုဖွယ်ကောင်းလေလေဟု ယူဆတတ်ကြ၏။ ကျွန်ုပ်၏အကြိုက်မှာ ရဟန်းများအဖို့၌ "ခြောက်ပြစ်ကင်း သဲလဲစင်" ဆိုရမလောက် ဖြူစင်ခြင်းသည် ကြည်ညိုဖွယ်ကောင်းသည်ဟု ဝန်ခံရန်အသင့်ရှိသော်လည်း လူပုဂ္ဂိုလ်များအဖို့မူ (သူတစ်ပါးအား ထိခိုက်နစ်နာစေသည့် အပြုအမူ အပြောအဆိုမျိုးမှ ရှောင်ကြဉ်သမျှ ကာလပတ်လုံး) အပြစ်အနာအဆာကလေး အနည်းငယ်တော့ရှိမှ သဘောကျချင်တတ်သည်။ ဤအကြောင်းကို ရှင်းလင်းဖော်ပြရသော် လူ၏သွားများသည် ညီညီညာညာရှိပါမှ လှသည်မှန်သော်လည်း တချို့မိန်းကလေးများအဖို့၌ သွားတက်ကလေးတစ်ချောင်းပေါက်သည့်အတွက် သာ၍ကြည့်ကောင်းသည် ထင်ရသကဲ့သို့ပင်။ တစ်ဖန် မျက်နှာပြင်၌ မှဲ့ကလေးတစ်လုံးမျှ မရှိခြင်းသည် ကောင်းသောလက္ခဏာတစ်ခုဖြစ်သည်မှန်သော်လည်း မျက်ခုံးနှစ်ဖက်ကြား၌ မှဲ့ကလေးတစ်လုံးပေါက်သည့် သူငယ်မလေးတစ်ယောက်ကို မြင်ရဖူးကတည်းက အစွန်းအထင်းဟုဆိုကြသော မှဲ့သည် ထိုသူငယ်မအဖို့၌ တန်ဆာဆင်ထားသကဲ့သို့ ရှိပါဘိသည်ဟု ကျွန်ုပ်အောက်မေ့မိဖူးသည်။ ဤသို့အားဖြင့် ကျွန်ုပ်သည် စင်းလုံးချောဆိုကြသည့် အကျင့်စာရိတ္တမျိုးရှိသော လူပုဂ္ဂိုလ်မျိုးထက် တစ်စွန်းတစ်ကွက်ကလေး အပြစ်အနာအဆာရှိသည့်ပုဂ္ဂိုလ်မျိုးကို သာ၍သဘောကျတတ်သည်။ လူတစ်ယောက်အနေဖြင့် အပြစ်လုံးဝကင်းစင်ခြင်းသည် ကောင်းလွန်းအားကြီး၍ သဘာဝမကျသည့်နှယ်ထင်မိ၍ အပြစ်လေးတစ်ခုတလေရှိပါမှ ကျွန်ုပ်သဘောကျချင်တတ်သည်။ မြင်းများ၌ အပြစ်အနာအဆာလုံးဝကင်းသည်ဆိုလျှင် စွန့်စားတတ်သော သတ္တိမရှိသဖြင့် ထူးထူးချွန်ချွန်မဖြစ်လာနိုင်။ သာမည မြင်းကောင်းတစ်စီးသာ ဖြစ်လာတတ်သည်ဟု မြင်းသမားများပြောတတ်ကြ၏။ ထိုစကားသည်လည်း ကျွန်ုပ်အဖို့၌ နားဝင်လျက်ရှိပါတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## သစ်တောပြုစုထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

သထုံ နိုဝင်ဘာ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်၌ သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ သစ်တောပြုစုထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၉ ရက်က သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လှမဋ္ဌူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာညို က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းရေး၊ တောမီးအန္တရာယ်များနှင့် တောမီးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဗီဒီယိုမှတ်တမ်းအားပြသပေးကာ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့**



# ရွှေတိဂုံစေတီတော် (၁၀၇) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ၌ သံဃာတော်များစာဖြေဆိုမှု ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်ကြည်ညို



ရန်ကုန် နိုဝင်ဘာ ၂၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယမန်နေ့ နံနက်ပိုင်းက ရွှေတိဂုံစေတီတော်ရင်ပြင် အောင်မြေအနီး ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပလျက်ရှိသည့် (၁၀၇)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စေတိယင်္ဂဏဩဝါဒါစရိယ ဆရာတော်ကြီးများအားလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ စာလျှောက်မေးပွဲသို့ လာရောက်ဖြေဆိုကြသည့်သံဃာတော်များအား လှည့်လည်ကြည်ညိုသည်။

ထိုသို့လှည့်လည်ကြည်ညိုစဉ် စာမေးပွဲနှင့်ပတ်သက်၍ သံဃာတော်များ၏ လိုအပ်ချက်များပြည့်စုံစွာ စီမံဆောင်ရွက်ရေးနှင့် အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ကြရန် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များကို မှာကြားသည်။

ယခု စာလျှောက်မေးပွဲတွင် သီးခြားစာချတန်း ၄၂ ပါး၊ သီးခြားစာသင်တန်း ၂၀၅ ပါး စုစုပေါင်း ၂၄၇ ပါး စာရင်းပေးသွင်းပြီး ဖြေဆိုအပါးရေ ၂၀၄ ပါး ဖြေဆိုလျက်ရှိကြောင်းနှင့် နိုဝင်ဘာလ ၂၁ ရက်အထိ ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ ကမ္ဘာအေး စာပုံနှိပ်တိုက်၌ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ချုပ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ပုံနှိပ်ရာတွင် အရည်အသွေးကောင်းမွန်ရေး အတွက် သတ်မှတ်ထားသည့်စက္ကူ၊ အပြင်အဆင်စာအုပ်အရွယ် အချိုးအစားများ မှန်ကန်မှုဖြစ်စေရေး၊ ပညာရေးဝန်ကြီးဌာနသို့ ပေးပို့အပ်နှံရမည့် အချိန်ကာလအမီ ဝန်ထမ်းများ အဆင့်ဆင့်က အလေးအနက်ထားကာ ကြပ်မတ်စိစစ်ဆောင်ရွက်ရေးနှင့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများကိုလည်း သတ်မှတ်ချက်များအတိုင်း ပြည့်စုံအောင်ပြင်ဆင်ဆောင်ရွက်ရေးတို့အပြင် သာသနာရေးဦးစီးဌာန၏ မူလလုပ်ငန်းများဖြစ်သော (၄၇)ပါးစုံညီအစည်းအဝေးဆိုင်ရာ လုပ်ငန်းများ၊ သံဃာတော်များ၏ စာမေးပွဲဆိုင်ရာ လုပ်ငန်းများ၊ စာသင်သား သံဃာတော်များ အသုံးပြုသည့် ကျမ်းစာအုပ်လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအလိုက် အချိန်မီပြီးစီးစေရန်ကိုလည်း ကြိုးစားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအကြီးအကဲများ ကောင်စီအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဖိုရမ်သို့ ဒုတိယဝန်ကြီးဦးကျော်ထင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၀

အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအကြီးအကဲများ ကောင်စီအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဖိုရမ် (Shanghai Cooperation Organisation Forum on Sustainable Development) သို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာလ ၁၇ ရက်တွင် မော်စကိုမြို့ Moscow ESG Center ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၏ Achieving Sustainable Development Goals in SCO member states and partner countries section တွင် ပါဝင်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်နှင့် ပန်းတိုင် ၁၇ ခု အောင်မြင်မှုရရှိရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ "Leave No One Behind" ဟူသည့် မူနှင့်အညီ SDG ပန်းတိုင်များကို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်းနှင့် မူဝါဒမူဘောင်များတွင် ဦးစားပေးအဖြစ် ပေါင်းစည်းထည့်သွင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ(SDGs) အောင်မြင်မှုရရှိရေး အကောင်အထည်ဖော်ရာ၌ ဆင်းရဲမှုလျှော့ချရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရာသီဥတုဆိုင်ရာ လုပ်ငန်းစဉ် စသည့်ပန်းတိုင်များတွင် တိုးတက်မှုများ ရရှိလျက်ရှိကြောင်း၊ ယင်းသို့ တိုးတက်အောင်မြင်မှုများ ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း ဘဏ္ဍာရေးအရင်းအမြစ် အကန့်အသတ်များ၊ ကိန်းဂဏန်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမရေရာမှုများ၏ သက်ရောက်မှု စသည့်စိန်ခေါ်မှုများလည်း ရှိနေကြောင်း။

မည်သည့်နိုင်ငံမဆို တစ်နိုင်ငံတည်း၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ကြောင်း၊ ဒေသအဆင့်တွင် နိုင်ငံများအကြား ခိုင်မာစွာပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေနှင့် နည်းပညာရယူအသုံးပြုနိုင်မှု၊ နိုင်ငံများအကြား အကျိုးရှိစွာ မိတ်ဖက်ပြု၍ အပြန်အလှန်လေ့လာမှုတို့ဖြင့် အတူတကွ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့(SCO)သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ အောင်မြင်မှုရရှိရေး ကြိုးပမ်းရာတွင် အမှန်တကယ် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများသည် မတူကွဲပြားသည့် အတွေ့အကြုံအမျိုးမျိုး၊ ကြွယ်ဝသည့်အရင်းအမြစ်များ၊ တူညီသည့်မျှော်မှန်းချက်များ ရှိကြသော နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SCO ပူးပေါင်းဆောင်ရွက်မှု ယန္တရားအတွင်း အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လက်တွဲ၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဆွေးနွေးသည်။

ယခုနှစ်တွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကိုယ်စားလှယ် စုစုပေါင်း ၃၄ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၉၆၃) ဧကရှိသော နယ်မြေကို **“ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)မှ စ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်း ကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများတားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ကညင်၊ သစ်ယား၊ သတီ၊ ဒီဒူး၊ အင်၊ အင်ကြင်း၊ သစ်ရာ၊ ပျဉ်းကတိုး၊ တမလန်း၊ ကြက်ရိုး၊ လယ်ဇါ၊ လင်းရော၊ နဘဲ၊ ဖျောက်ဆိပ်၊ ဒဟတ်၊ ထောက်ကြံ့၊ တောင်တမာ၊ တောင်သရက်၊ သစ်စေး၊ ယမနေ၊ ရင်းမာစသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ မျောက်၊ တောဝက်၊ ဘုတ်ငှက်၊ သစ်တောက်ငှက်၊ ရစ်ငှက်၊ အောင်လောင်ငှက်စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှု တိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**



KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများအား ဖြိုချဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီအထိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အဦ ၆ လုံးအတွင်းမှ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သူများအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားနေကြသည့် ဗီယက်နမ်နိုင်ငံသား ၃ ဦး၊ ကင်ညာနိုင်ငံသား ၂၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၈၅ ဦး၊ **စာမျက်နှာ ၂၈ သို့** ❐

**❐ ကျောဖုံးမှအဆက်**

ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ဖြတ်ကျော်ဝင်ရောက်လာကြခြင်းဖြစ်သည်။ အဆိုပါနယ်မြေများသည် တိုင်းရင်းသားလက်နက်ကိုင် EAOs၊ KNU၊ KNLA အဖွဲ့များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် နယ်ခြားစောင့်တပ်ဖွဲ့အမည်ခံတပ်ဖွဲ့များ ဝင်ရောက်လုပ်ကိုင်နေကြသော နယ်မြေများဖြစ်ပြီး ကိုယ်ကျိုးရှာစီးပွားရေးသမားများသည် ၎င်းအဖွဲ့များနှင့် ချိတ်ဆက်၍ Online လိမ်လည်လောင်းကစားမှုများကို ကျူးလွန်နေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်




KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ စိစစ်ဆဲတရားမဝင်နိုင်ငံခြားသားများအား စိစစ်ဖော်ထုတ်ရရှိမှုကိုတွေ့ရစဉ်။











ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ စိစစ်ဆဲတရားမဝင်နိုင်ငံခြားသားများအား စိစစ်ဖော်ထုတ်ရရှိမှုကိုတွေ့ရစဉ်။

မြဝတီမြို့နှင့်အနီးဝန်းကျင်နေရာများတွင် နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ နယ်မြေပြန်လည် ငြိမ်းချမ်းလာချိန်တွင် Online လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုမှတစ်ဆင့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများတွင်လည်း Online လိမ်လည်လောင်းကစားမှု အမြစ်ပြတ်ပပျောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် Online လိမ်လည်လောင်းကစားမှုများကျူးလွန်ကြသူများကို လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ Online လိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့်အဆောက်အအုံများကိုလည်း အပြီးတိုင်ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံးဖောက်ခွဲဖျက်ဆီးခြင်းနည်းပညာများ အသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ညနေ ၆ နာရီအထိ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့်အဆောက်အဦများ ၆၃၅ လုံးရှိသည့်အနက် ၁၈၂ လုံးကို ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့်အဆောက်အအုံ ၄၅၃ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တတိယနေ့အဖြစ်



Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၄ ပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ (မိုး/ဇလ)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇၀ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၄၀၀ ဦး စစ်ဆေးနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို နိုဝင်ဘာလ ၁၉ ရက်တွင် ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၀၀ ဦး စစ်ဆေးနိုင်ခဲ့ကာ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြည်ပနိုင်ငံသား ၄၀၅ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၀၀ ဦးကို စစ်ဆေးနိုင်ခဲ့သဖြင့် ယနေ့အချိန်အထိ တရားမဝင် ပြည်ပနိုင်ငံသား ၁၀၁၆ ဦးတို့ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၁၆ ဦးကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အဦ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၆၀၀ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေးဆောင်ရွက်စဉ်။

ထို့နောက် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များမှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ ၁ ထပ်အဆောက်အဦ ၂ လုံး၊ ၆ ထပ်အဆောက်အဦ ၂ လုံး၊ ၇ ထပ် အဆောက်အဦ ၈ လုံး၊ ၁၂ ထပ်အဆောက်အဦ ၆ လုံး၊ ၁၃ ထပ် အဆောက်အဦ ၂ လုံး၊ ၁၄ ထပ် အဆောက်အဦ ၂ လုံး စုစုပေါင်းအဆောက်အဦ ၂၂ လုံးအား စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းအဆောက်အဦများအတွင်းမှ ကွန်ပျူတာ/မော်နီတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်းဟမ်းဆက် ၂၁၇၅၀ လုံးတို့အား စစ်ဆေးတွေ့ရှိ၍ ထိန်းသိမ်းထားရှိနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၁၈၅၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၄၄၀ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၈၇၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)

❒ စာမျက်နှာ ၂၇ မှအဆက်

နမေဗီးယားနိုင်ငံသား ၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၆၈ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၀ ဦး၊ အိန္ဒိယနိုင်ငံသား ၄၃ ဦး၊ ဇင်ဘာဘွေနိုင်ငံသား ၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၃ ဦး၊ ပါကစ္စတန်နိုင်ငံသား ၂၁ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၄ ဦး၊ ဆီးရီးယားလီယွန်နိုင်ငံသား ၃ ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား ၁ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၇ ဦး၊ အီဂျစ်နိုင်ငံသား ၁ ဦး၊ သီရိလင်္ကာနိုင်ငံသား ၁ ဦး၊ ကာဇက်စတန်နိုင်ငံသား ၂ ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား ၃ ဦး စုစုပေါင်း ၄၀၅ ဦးတို့ကို လမ်းဆုံလမ်းခွများ၌ စစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ သို့ဖြစ်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသား ၁၀၁၆ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့်ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကိုစိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၀၁၆ ဦးကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အဦ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၆၀၀ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၀

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကြမည့်အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယခုလို မြန်မာ့အားကစားအောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် အလှူငွေများထောက်ပံ့လှူဒါန်းသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် များစွာဝမ်းသာကြောင်း၊ ယခုလာရောက်လှူဒါန်းသည့်အလှူငွေများကို အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များအတွက် စနစ်တကျသုံးစွဲသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတိုင်းတွင် မြန်မာနိုင်ငံ၏အလံကိုတိုင်ထိပ်၌ လွှင့်ထူနိုင်အောင်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ယခု(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းနှင့် အားကစားသမားအရေအတွက် တိုးမြှင့်ပြီး အားကစားနည်း ၃၈ နည်းတွင် နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရှိရကြောင်း၊ မြန်မာနိုင်ငံဂုဏ်ဆောင် အားကစားမောင်မယ်များအနေဖြင့် တစ်ခေတ်တစ်ခါက မြန်မာအားကစားလူရည်ချွန်များကဲ့သို့ အရိုးကြေကြေအရေခန်းခန်း မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အောင်စိတ်မွေးမြူကာ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ရေးဆောင်ရွက်ကြရာတွင် ယခုကဲ့သို့ တစ်ထောင့်တစ်နေရာက ပါဝင်အားဖြည့်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု



အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးအတွက်ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဓာတုပစ္စည်းစီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲအခမ်းအနားနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/၂၀၂၅-၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ဓာတုပစ္စည်း စီမံခန့်ခွဲမှုသင်တန်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ ဓာတုအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ဆောင်ရွက်နေသည့် လုပ်ငန်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတက်ရောက်ခြင်းဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ခြင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က တားမြစ်ပိတ်ပင်ထားသောဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသောစက်ကိရိယာများကို ပြည်တွင်းသို့တင်သွင်းမှု သို့မဟုတ် ပြည်ပသို့တင်ပို့မှုမပြုခြင်း စသည်တို့ကိုသိရှိပြီး ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှ ပို့ချသွားမည့် သင်ခန်းစာများသည် လက်ရှိဓာတုပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အသိပညာနှင့် ဗဟုသုတများစွာရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။



ယင်းနောက် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်း၌ ဆွေးနွေးပို့ချမည့်အကြောင်းအရာတို့ကို ရှင်းလင်းတင်ပြသည်။

ယခုသင်တန်းကို နိုဝင်ဘာလ ၂၀ ရက်မှ ၂၁ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဓာတုပစ္စည်းများနှင့် ဆက်စပ်ဆောင်ရွက်နေသည့်လုပ်ငန်းများမှသင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရောက်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/၂၀၂၅-၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများကတင်ပြသည့် အမှာစာကိုးစောင်ကို သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီး (၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၂၀

(၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ကအမှာစကားပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် Video clip နှင့်အမှတ်(၁)မူလတန်းကြိုကျောင်း၊ ကလေးပြုစုရေးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ဧရိပ်မွန်အမျိုးသမီးပရဟိတဂေဟာ၊ ပြည်လုံးချမ်းသာပရဟိတဂေဟာ၊ အမျိုးသမီးကလေးများသင်တန်းကျောင်းတို့မှ ကလေးသူငယ်များ၏တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များကို ဂုဏ်ပြုငွေများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးငလျင်ကြောင့် ပျက်စီးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၊ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၌ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC Team)Third Party ဖြင့်ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် | - | ၂၁-၁၁-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် | - | ၈-၁၂-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ မန္တလေးငလျင်ကြောင့် ပျက်စီးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၊ ရုံးများ၊ ဝန်ထမ်းအိမ်ရာများ၌ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ၊ စက်ပစ္စည်းနှင့်ပရိဘောဂဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် | - | ၂၁-၁၁-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်၊ အချိန် | - | ၈-၁၂-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဖခင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၅/တဆန(နိုင်)၀၅၂၉၂၅ ကိုင်ဆောင်သူ ဦးခေတ်မောင်နှင့် မိခင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၅/တဆန(နိုင်)၀၅၃၁၉၉ ကိုင်ဆောင်သူ ဒေါ်ညက်တို့၏သား ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်တွင်နေထိုင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၅ /တဆန(နိုင်)၀၉၃၁၂၅ ကိုင်ဆောင်သူ မောင်ဖိုလ်ဝင်းနှင့် မောင်ဘိုဝင်းသည် အမည်နှစ်မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါသည်။ **မောင်ဖိုလ်ဝင်း(ခ)မောင်ဘိုဝင်း**

### ပျောက်ဆုံးကြောင်း

ရွှေကျင်မြို့၊ ရှမ်းကြေးရပ်ကွက်နေ ထွန်းထွန်းဝင်း(ဘ)ဦးသန်းဆွေ ၇/ရကန(နိုင်)၀၆၈၈၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၁၁၈၁၁၆**

### ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား လျှော့ချပြီးကြောင်း အကြောင်းကြားခြင်း

မြန်မာနိုင်ငံ၏ ကုမ္ပဏီဥပဒေပုဒ်မ ၁၁၆(င)အရ YOUNG SEAFARER COMPANY LIMITED ၏ (၁၃-၁၁-၂၀၂၅)ရက်စွဲပါအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မူလအစုရှယ်ယာမတည်ရင်းနှီးငွေတစ်စုလျှင် ကျပ်-၁၀၀,၀၀၀/-တိတိတန် အစုရှယ်ယာပေါင်း(၁,၀၀၀)စုမှ တစ်စုလျှင် ကျပ်-၁၀၀,၀၀၀/- တိတိတန် အစုရှယ်ယာပေါင်း(၁၀၀)စုသို့ လျှော့ချမည်ဖြစ်ကြောင်း အများပြည်သူများနှင့် အစုရှယ်ယာရှင်များအား အသိပေးကြေညာအပ်ပါသည်။ **YOUNG SEAFARER COMPANY LIMITED**

### ပျောက်ဆုံးကြောင်း

ဝေါမြို့၊ တမံကြီးရွာနေ ဟိန်းမင်းဦး(ဘ)ဦးမင်းထိုက် ၇/ဝမန(နိုင်)၂၁၈၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 151727)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နေ ပပမျိုးနိုင်(ဘ)ဦးနိုင်ဦး ၇/သနပ(နိုင်)၁၅၂၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်နေ မသက်ပိုင်လင်း(ဘ)ဦးစိုးဝင်း ၁/မညန(နိုင်)၁၇၉၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 817612)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၁၃၉၇၈၀**

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ မဲပလဲ့ကျေးရွာနေ သင်းမိုးမိုးလှိုင်(ဘ)ဦးစိုင်းတင်ဦး ၃/မဝတ(နိုင်)၀၃၁၂၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 083749)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၃၆၅၈၉၀၄**

### အိတ်ဖွင့်တင်ဒါကြော်ငြာ
### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
### အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ခွင့်ပြုငွေမှ ရေယာဉ်များတွင် အသုံးပြုရန်လိုအပ်သောစက်မောင်းဆီ(ဒီဇယ်ဆီ)များကို ကျပ်သန်း ၂၀၀ အထက်တန်ဖိုး(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| ပစ္စည်းအမျိုးအမည် | - | စက်မောင်းဆီ(ဒီဇယ်ဆီ) |
| အရေအတွက် | - | ၂၅၀၀၀ ဂါလန် (ခန့်မှန်း) |
| တင်ဒါပုံစံရောင်းချမည့်ရက် တင်ဒါဆိုင်ရာအချက်အလက်များနှင့် | - | ၂၄-၁၁-၂၀၂၅ မှ ၅-၁၂-၂၀၂၅ အထိ |
| တင်ဒါဈေးနှုန်းစိစစ်မည့်နေ့နှင့်အချိန် | - | ၉-၁၂-၂၀၂၅ နံနက်(၁၀:၃၀)နာရီ |
| တင်ဒါဈေးနှုန်းစိစစ်မည့်နေရာ | - | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အစည်းအဝေးခန်းမ |

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် (၀၁၈-၃၈၄၂၅၂)နှင့် (၀၁၈-၂၅၀၂၅၁)သို့လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ပျောက်ဆုံးကြောင်း

နန်းပင်း(ဘ)ဦးဆဲခွန် ၁၃/ကတန(နိုင်)၀၆၆၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၀၃၁၁၃၄**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့) ရေတာရှည်မြို့နယ်၊ အ.ထ.က မြို့လှ Grade-11(B) မှ ပညာသင်ကြားနေသော မအေးသက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်းကို ၇/ရတရ(နိုင်)၁၇၁၇၆၉ ဖြစ်ပါကြောင်း။ **ဦးထွန်းလင်းကို**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သာစုချောင်းကျေးရွာအုပ်စု၊ အ.ထ.က ဂုံညှင်းတန်း၊ Grade-10 မှ နော်ရိုမေဖေါဘီ၏ဖခင်အမည်မှန်မှာ ဦးစောစဲလ်ဘီး ၁၄/ဇလန(နိုင်)၁၅၉၀၄၀ ဖြစ်ပါကြောင်း။ **ဦးစောစဲလ်ဘီး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပ အ.ထ.က(ခွဲ)ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နုယဉ်ဝင်း၏ ဖခင် ဦးဘိုမောင်(ခ)ဦးမောင်ငယ်(ခ)ဦးဖိုလ်မောင် ၅/တဆန(နိုင်)၀၇၂၁၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဘိုမောင်(ခ)ဦးမောင်ငယ်(ခ)ဦးဖိုလ်မောင်**

### ပျောက်ဆုံးကြောင်း

ဦးဝင်းမြင့်(ဘ)ဦးခင်ရှိန် ၁၀/မဒန(နိုင်)၀၆၄၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

### ပျောက်ဆုံးကြောင်း

မွန်မွန်အောင်(ဘ)ဦးစိန်ဝင်း ၇/မညန(နိုင်)၁၀၂၃၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ဇော်ဇော်လွင်(ဘ)ဦးချစ်ဟန် ၁၂/ထတပ(နိုင်)၀၀၄၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ခင်ထားရီ(ဘ)ဦးတင်ထွန်း ၁၂/ထတပ(နိုင်)၀၇၁၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ကျော်မင်းဦး(ဘ)ဦးအေးသောင်း ၁၂/တတန(နိုင်)၁၈၄၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 539386)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၆၈၈၃၇၅၂**

### ပျောက်ဆုံးကြောင်း

ရဲကိုဦး(ဘ)ဦးစိုးမြင့်ကြည် ၁၃/နမတ(နိုင်)၀၇၄၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MM 096728)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ရန်ဟွေလန်(ဘ)ဦးရန်ရှုဆောက် ၁၃/လရန(နိုင်)၀၅၇၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 583661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ခင်ငွေးမြင့်(ဘ)ဦးချစ်စု ၁၀/မဒန(နိုင်)၀၄၃၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 857507)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

လှလှဝင်း(ဘ)ဦးဟာသီဘူလာ ၁၃/နစန(နိုင်)၁၁၃၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ခင်စံပယ်သင်း(ဘ)ဦးသန်းညွှန့် ၁၂/ဥကတ(နိုင်)၂၂၃၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ပြည့်ဖြိုးမောင်(ဘ)ဦးထွန်းထွန်းဝင်း ၇/ပတတ(နိုင်)၁၅၂၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ဇော်ဟန်ထန်း(ဘ)ဦးဆွေးသိုင်း ၅/ကလထ(နိုင်)၂၁၉၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 382875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

စိုးနိုင်ဝင်း(ဘ)ဦးမင်ဂျင်ကျား(ခ)မောင်ထိန် ၁၃/လရန(နိုင်)၁၈၆၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 514142)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ကြည်ဖြူမောင်မောင်(ဘ)ဦးတွမ်စိုးဖှာ ၁၃/လရန(နိုင်)၁၆၅၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 621344)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

လီကျန်းဖိန်း(ဘ)ဦးလီဖာဆုံ ၁၃/ကခန(နိုင်)၁၃၉၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 513278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ရဲနိုင်(ဘ)ဦးစိန်လှ ၇/ရတရ(နိုင်)၁၃၀၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ရောမင်းသူ(ဘ)ဦးဝင်းဆန်း ၁၂/ကမန(နိုင်)၁၃၆၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 557048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

ဖြိုးသူရ(ဘ)ဦးမြင့်ထွေး ၁၁/သတန(နိုင်)၀၇၃၄၈၅ ကိုင်ဆောင်သူ၏ သင်္ဘောသား CTC စာအုပ်အမှတ်(105991)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

ကိုကိုနိုင်(ဘ)ဦးစံမြင့် ၁၂/လမတ(နိုင်)၀၁၀၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 493898)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

မင်းမြင့်မြတ်(ဘ)ဦးကိုကိုကြီး ၁၂/အလန(နိုင်)၀၄၆၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 492462)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
We Protect The Family
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၈/၂)၊ သီရိရတနာလမ်း၊ ဥာဏ်ပြည့်ရန်နီးအပိုင်းအနီးရနသီဗွိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊ ၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD A.I.B.A MEDAL
AIBA

❖ နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့်အချက်ဖြစ်...

❖ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသောအမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့်ဧရာဝတီတိုင်းဒေသကြီး၊ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့်ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၅၃၀ ဦးအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ➢



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ရှိ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ်၊ စံပြကျေးရွာနေ ဦးအောင်ဖြိုး၏ဇနီး ဒေါ်ဖြူဖြူသင်း၏ သမီးဦးရတနာ မသင်းသံလွင်အား အောင်မြင်စွာခွဲစိတ်မွေးဖွားပေးစဉ်။

## လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)နှင့် မွန်ညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)နှင့် မွန်ညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၈)နှင့်(၉)တို့တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## (ဒုတိယ)အကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

စာ - ၁၃ သို့

# KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့အတွင်း Online လိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်နေကြသူများအား အဖွဲ့စုံပါဝင်သည့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

Online လိမ်လည်လောင်းကစားမှုကျူးလွန်သူအများစုသည် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသော မြဝတီမြို့နှင့် အလှမ်းဝေးကွာသည့်

စာမျက်နှာ ၂၇ ကော်လံ ၁ ❐

KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးနေမှုကို တွေ့ရစဉ်။



